

# ဆုဋ္ဌသောတာပန်ဖြစ်ခန်း



၃၆၄
ရ

ရောင်းရန်မဟုတ်/မိသားစုဖတ်ရန်သာ

မြင့်ရွှေ (ပေါင်းတည်)

၇

၂၉၃ ၁၁
၂၉၄.၃၅၇
'၁၇
၃-၁၅

| | |
|---|---|
| -ဗိုလ်ကြီးသိန်းလွင်(ငြိမ်း)၊ဆရာမဒေါ်လှလှသန်း(ငြိမ်း)။ မန္တလေး။ | ၅၀၀၀ကျပ် |
| -ဗိုလ်မှူးဝင်းမောင်(ငြိမ်း)၊ဆရာမဒေါ်သန်းသန်းလှိုင်(ငြိမ်း)။ တောင်ငူ။ | ၁၃၀၀၀ကျပ် |
| -ဗိုလ်ကြီးခင်မောင်ဝင်း(ငြိမ်း)၊ဒေါ်ကျင်အေး။ ပေါင်းတည်။ | ၅၀၀၀ကျပ် |
| -ဦးအောင်ထွတ်+ဒေါ်သဇင်ဦး။ မြို့နယ်တရားရုံး။ ပေါင်းတည်။ | ၅၀၀၀ကျပ် |
| -ဒေါ်အုန်းရင်မိသားစု။ ရွှေတောင်လမ်း။ ပေါင်းတည်။ | ၁၀၀၀၀ကျပ် |
| -ဦးထွန်းနိုင်၊ဒေါ်ပြုံးကြည်(သား)နိုင်လင်းကျော်(သမီး)လဲ့ဟန်ဝင်း။ ပေါင်းတည်။ | ၂၁၁၀၀ကျပ် |
| -ဦးတင်ဝင်း၊ဒေါ်ခင်စန်းဘင့်(မြေး)မသီတာဝင်း၊ ၃စလမ်း၊ပေါင်းတည်။ | ၁၀၀၀၀ကျပ် |
| -ဦးကိုလေး၊ဒေါ်ပုလဲဥ။ ကျောက်မြောင်း၊ရန်ကုန်။ | ၁၀၀၀၀ကျပ် |

## ကျေးဇူးတင်လွှာ

* ဤစာအုပ်များဖြစ်ပေါ်လာရေးအတွက် အကူအညီပေးခဲ့ကြသော ပါပည့်များဖြစ်ကြသော ကောက်ရိုးနွယ်ကုမ္ပဏီမှ ဦးခင်မောင်သန့်၊ ဦးဝင်းကို၊ ဦးတင်မောင်မောင်၊ ဦးဇော်ဝင်း တို့အားလည်းကောင်း ဝင်းမိသားစုအောက်ဆက်မှ ဦးဝင်းသက်နိုင်အား လည်းကောင်း၊

* စာအုပ်များအိမ်ကိုင်ရာရောက်ပို့ပေးကြစေသောပေါင်းတည်မှ ဦးဝင်းဘင်၊ ဦးထွန်းအောင်တို့အား လည်းကောင်း၊

* ဈေးနှုန်းအယူးချိုသာစွာဖြင့်ကူညီသော စိန်ရတနာ့မိတ္တူ (၇၆/၃၂လမ်း။ ရန်ကုန်။) ၁၉-၅၁၀၈-၂၇၅၈ အာလည်းကောင်း၊

* မိမိတို့အစီအစဉ်ဖြင့်စာအုပ်များအား မိတ္တူပွားလှူဒါန်းကြသော(သိရသလောက်) အခု(၁၀၀)/အုပ်ရေ(၂၄၀၀) လှူသော ဦးလှသောင်း၊ဒေါ်ယဉ်ယဉ်မျိုး အားလည်းကောင်း၊ အခု(၁၀ မှ ၂၀၀)ထိပေးလှူကြသော ဒေါ်ဝင်းဝင်းမျိုး(ရန်ကုန်)၊ စိန်ရတနာ့မိတ္တူ(ရန်ကုန်)၊ ဒေါ်နီလာသူ(မော်ကျွန်း)၊ ဒေါ်ခင်ခင်ညိုဝင်း(ရွှေဟိုင်မော်ကျွန်း)၊ ဦးသာအေး(ကျိုက်ထီးရိုး)၊ ဦးအောင်လှသိန်း (MPPE အင်မ/ပေါင်းတည်)၊ ဦးသောင်းရွှေ(ပေါင်းတည်)၊ ဦးအေးမြင့်(ရန်ကုန်) နှင့် အခြားအမည်မသိ လှူဒါန်းကြသော အလှူရှင်များအား လည်းကောင်း၊

* စာအုပ်များ မှော်မှန်သည်ထက် ပို၍လှူဒါန်းနိုင်အောင် ငွေအားဖြင့် လှူဒါန်းကြသူများ အားလည်းကောင်း၊

* အထူးသဖြင့် ဤစာအုပ်များဖက်ရှုခြင်းအားဖြင့် ဓမ္မလမ်းကြောင်းဖြောင့်ဖြူးစွာ ကျင့်ကြံအားထုတ်နေ ကြပြီးဖြစ်သော စာဖတ်ပရိတ်သတ်များအား အထူးကျေးဇူးတင်ရှိပါကြောင်း မေတ္တာဖြင့် အသိအမှတ် ပြုအပ်ပါသည်။

စာရေးသူ

# ဓမ္မဒါန တရားအလှူတော်

၂၉၃၁၁
၂၃.၄.၁၅

"သဗ္ဗဒါနံ၊ ဓမ္မဒါနံ၊ ဇိနာတိ"

* ဦးကျော်စိုး-ဒုဝန်ကြီး၊သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊နေပြည်တော် ( ၁၂၀၀၀ိ/-)
* (ဦးကျော်စိုး-ဝန်ကြီး)+ဒေါ်ကြည်ကြည် မိသားစု၊ရွှေတောင်ကြား( ၅၀၀၀၀ိ/-)
* ကိုခင်မောင်သန်း+မသက်သက်ခိုင်-ကောက်ရိုးနွယ်ကုမ္ပဏီ (၃၀၀၀၀ိ/-)
* ကိုဝင်းကို+မစပါယ်အောင် - ကောက်ရိုးနွယ်ကုမ္ပဏီ (၁၀၀၀၀ိ/-)
* ဒေါ်ကြည်ကြည်ထွန်း- တောင်ငူ/ရန်ကုန် ( ၁၀၀၀ိ/-)
* (ဦးသိန်းအောင်)+ဒေါ်ခင်ကြည်-ရန်ကုန်/တောင်ငူ ( ၁၀၀၀ိ/-)
* ဦးမြင့်ဆွေ - ဦးမှန်လမ်း၊တောင်ငူ ( ၁၀၀၀ိ/ )
* ဒေါ်ခင်ခင်စိန်+ဒေါ်သင်းသင်းခိုင်-ဦးမှန်လမ်း၊တောင်ငူ ( ၁၅၀၀ိ/-)
* ဒေါ်မြမြကြည် - ကျောင်းအုပ်၊ပညာရေးကောလိပ်-တောင်ငူ ( ၅၀၀ိ/-)
* ဒေါ်နီနီဦး - ခြသေ့်ဦး၊တောင်ငူ ( ၁၀၀၀ိ/-)
* ဒေါ်စန်းစန်း - သန့်သစ်အောင်ပလတ်စတစ်လုပ်ငန်း၊တောင်ငူ( ၅၀၀ိ/-)
* ဆရာဦးထွန်းရှိန်+ဆရာမဒေါ်ခင်သစ်လွင် -တောင်ငူ ( ၂၀၀၀ိ/-)
* ဦးပါလေး+ဒေါ်ဘောဘိ (၁၁လမ်း) ဘုရားလမ်း-တောင်ငူ ( ၁၀၀၀ိ/-)
* ဦးစိန်ဝင်း+ဦးမောင်မောင်ဖိုးတင်ဦး-ရွှေမြေဆီ-တောင်ငူ ( ၁၅၀၀ိ/-)
* ဦးဝင်းတင်၊ဦးထွဋ်ညို - ရွှေတောင်လမ်းပေါင်းတည် ( ၁၀၀၀ိ/-)
* ဦးတင်မောင်မောင်+ဒေါ်သီတာဆွေး-တောင်ငူ(ကောက်ရိုးနွယ်) ( ၃၀၀၀ိ/-)
* ဦးဝင်းသက်ခိုင်+ဒေါ်နီနီဝင်း-ဝင်းမိသားစု အော့ဖ်ဆက်-ရန်ကုန် (၁၀၀၀၀ိ/-)
* ဆရာမကြီးဒေါ်ရီရီ၊ဦးသန်းထွန်း၊ဒေါ်အေးသန်းကြူမိသားစု၊မြို့လှ ( ၃၀၀၀ိ/-)
* ဦးအောင်လှသိန်း(မန်နေဂျာMPPE)+ဒေါ်ခင်နု-ပေါင်းတည် ( ၅၀၀၀ိ/-)
* ကိုသန်းထွန်း+မတင်တင်ဝင်း-အရှေ့လမ်း၊ပေါင်းတည် ( ၅၀၀ိ/-)
* ဆရာဦးကြည်သိန်း+ဒေါ်ကြည်ညွန့် - ပိန်းလေပ်မြို့ ( ၁၅၀၀ိ/-)
* ဦးစိုးထွန်း+ဒေါ်ကြည်စန်း - ကံရိုး-တောင်ငူ ( ၁၀၀၀ိ/-)
* ကိုကျော်ဟန် - ရန်ကုန်လမ်း-ပေါင်းတည် ( ၅၀၀ိ/-)
* ဒေါ်ယုယုဆွေ- ၃၅လမ်း၊ ပေါင်းတည် ( ၃၀၀ိ/-)

# စူဠသောတာပန်ဖြစ်ခန်း

ကျနော်သည် ဝိပဿနာတရားအားထုတ်နည်းကို ရေးသားပြီးဖြစ်သည်။ ဝိပဿနာကျင့်စဉ် အရ အနဲဆုံး တမဂ်တဖိုလ်ရအောင် အားထုတ်နိုင်ပါသည်။ သို့သော် အချို့သော ပုဂ္ဂိုလ်များ၏ ကျန်းမာရေး ချို့တဲ့သူများ၊ စီးပွားရေးလုံးပန်းနေရသူများ၊ အသက်အရွယ်ကြီးရင့်သူများ သောတပန်မဖြစ်လောက်ပါဘူးဆိုပြီး၊ စိတ်ဓါတ်ကျနေသူများသည် ဘဝကိုလက်မြှောက်အရှုံးပေးနေရလျှင် အလွန်ရခဲသော လူ့ဘဝကို ရပါလျှက်နှင့် ဘုရားသာသနာမှာ ဗုဒ္ဓဘာသာဖြစ်ပါလျှက်နှင့် အပါယ်ကျရမည်ဆိုတာ အင်မတန်မှ နစ်နာလှပါတယ်။ အဲဒီလူတွေအတွက် အသက်ရှူပေါက်ရနိုင်တဲ့ နည်းရှိပါသေးတယ်၊ ဒီအတိုင်းအပါယ်သွားရမဲ့လမ်း ကလွဲအောင် ဒီဘဝတမဂ် တဖိုလ်(သောတာပန်) မဖြစ်နိုင်တောင် နောက်ဘဝအပါယ်မကျဘဲ ဒုတိယဘဝတွင် သောတာပန်ဖြစ်နိုင်ပါသေးတယ်။

ကျနော်၏ ဆရာ-ဆရာတော်အရှင်အာဒိစ္စရံသီ (စာရေးဆရာဆန်းလွင်) သည် တဘဝ အပါယ်ပိတ်သည့် စူဠသောတာပန်ဖြစ်ရေးအတွက် မြန်မာပြည်အနှံ့တရားဟောခဲ့ပါသည်။ အပါယ်မကျ နိုင်သောနည်းကိုပေးခဲ့ပါသည်။ ဆရာတော်ရှိစဉ်ကပင် ကျနော်တို့အား ဝိပဿနာတရားအားထုတ်ပုံကို အမြဲတန်း သင်ကြားပေးရုံမျှမက စာအုပ်စာတမ်းများဖြင့်လည်း ပေးအပ်ခဲ့ပါသည်။ ဒါကြောင့် ဆရာတော်၏ ကျေးဇူးကိုဆပ်သည့်အနေဖြင့် တတတ်တအား အခက်အခဲရှိနေသူများအား တဘဝအပါယ်ပိတ်ပြီး နောက်ဘဝသောတပန်ဖြစ်မည့် စူဠသောတပန် (ကလျာဏပုထုဇဉ်) ဖြစ်ရေးကို မိမိသိသလောက်နှင့် လယ်တီဆရာတော်ဘုရားကြီး၊ ရွှေဟင်္သာဆရာတော်ဘုရားကြီး၊ သပိတ်အိုင်ဆရာတော်ဘုရားကြီး၊ မိုးကုတ်ဆရာတော်ဘုရားကြီး၊ နမ္မားဆရာတော်ဘုရားကြီး၊ ဆရာတော်အရှင်အာဒိစ္စရံသီ (စာရေးဆရာဦးဆန်းလွင်) တို့၏ အယူအဆများနှင့် အထကထာများကို ကိုးကားရေးသားအပ်ပါသည်။ ဝိပဿနာနောက်ထားပြီး ဒိဋ္ဌိသုံးမျိုးအရင်ဖြုတ်ရမည်ဖြစ်သဖြင့် ဒိဋ္ဌိမှာဘယ်လောက် အရေးကြီးပါသလဲ-တဏှာကသုဂတိ၊ ဒုဂ္ဂတိဘုံ သို့ ရောက်နိုင်သည် ဒိဋ္ဌိက - အပါယ်ကျမှာ သေချာသည်။ ဒိဋ္ဌိသည် တဏှာထက်ကြောက်စရာ ကောင်းပါ သည်။

သို့ပါ၍ သက္ကာယဒိဋ္ဌိ၊ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိရဲ့အကြောင်း အပြည့်အစုံရေးသားထားပါသည်။ ထို့ပြင် ခန္ဓာပဋိစ္စသမုပ္ပါဒ်ကလည်း အရေးကြီးသဖြင့် သဘောပေါက်အောင် ရှင်းပြထားပါသည်။ ဓမ္မမိတ်ဆွေသည် အသိပညာဖြင့်လည်းကောင်း၊ အပွားပညာဖြင့်လည်းကောင်း အားထုတ်ပြီး၊ စူဠသောတပန်ဖြစ်ရေးကို ရေးသား၍ မဗ္ဗဒါနပြုလိုက်ရပါသည်။

# ဘဝ၏အဓိပ္ပါယ်နှင့် ဘဝပန်းတိုင်ကိုရှာခြင်း

လူ့ဘဝကိုရနေသော်လည်း
ပုထုဇဉ်သည်
လူ့ဘဝ၏အဓိပ္ပာယ်ကိုမသိ၊
လူ့ဘဝ၏ပန်းတိုင်ကိုမမြင်၊
ထို့ကြောင့် ပုထုဇဉ်သည်
ဘဝလမ်းပျောက်နေသူ
ဘဝမှာ မမ်းတဝါးဝါး
လမ်းမှားနေသူဟု
ရှုမြင်သင့်သည်။
သူသည် မျက်ကန်းနှင့်လည်းတူသည်။
ဘဝအကြောင်းကိုကောင်းကောင်းမသိ
မှန်မှန်ကန်ကန်မသိသဖြင့်
ဘဝကိုလည်း အသုံးမချတတ်။
ဘာလုပ်လျှင်အမှား
ဘာလုပ်လျှင် အမှန်ဟုလည်း
မခွဲခြားတတ်။
သနားစရာကောင်းသော
လူဖြစ်ရှုံးသောသတ္တဝါဟု
ထိုးထွင်းသိမြင်အပ်သည်။
သံသရာခရီးသွားအချင်းချင်း ဖြစ်ကြရာဝယ်
ပုထုဇဉ်သည် လူမိုက် (ဗာလ)ဖြစ်သည်။
အရိယာသည် လူလိမ္မာ(ပဏ္ဍိတ)ဖြစ်သည်။
ပုထုဇဉ်လူမိုက်သည်
သံသရာ၏အဆင်းလမ်းနှင့် အတက်လမ်းကို
မခွဲခြားတတ်၊ မခွဲခြားနိုင်။
ရေတွင်းထဲကဖားလို
ကိုယ့်ဘဝကိုအထင်ကြီးသည်၊
ကိုယ့်ဘဝကိုအဆုံးထင်သည်၊
ထို့ကြောင့် မိမိသည်
အမှောင်ထဲကလာပြီး
အမှောင်ထဲသို့ပြန်သွားလေနေသူ
အရူးတစ်ယောက်၊
လူမိုက်တစ်ယောက်ဖြစ်နေသည်ကို
ဘယ်သောအခါမှမစဉ်းစားမိ။
အမှောင်ဘက်ကဘဝသည်
ကျဉ်းကျုတ်သည်၊
ကြမ်းတမ်းသည်၊
ခက်ထန်သည်၊
ဆင်းရဲသည်၊
ပင်ပန်းသည်၊
အန္တရာယ်များသည်၊
မလွတ်လပ်။ ။
အလင်းဘက်ကဘဝသည်
ကျယ်ပြန့်သည်၊
သန့်ရှင်းသည်၊
ပြန့်ပြောသည်၊
ပြေပြစ်သည်၊
သာယာသည်၊
ငြိမ်းချမ်းသည်၊
မဆင်းရဲ၊
မပင်ပန်း၊
အန္တရာယ်မရှိ
ပကတိလွတ်လပ်သည်ကို
ပုထုဇဉ်အား သိစေလိုသည်။
ခရီးသွားကုန်သောသူတို့သည်
ခရီးသွားဖော်အချင်းချင်း
အနည်းငယ်မျှသောရိက္ခာကိုပင်
ခွဲခြမ်းဝေငှ၍ ပေးကုန်သကဲ့သို့
ထို့အတူ . . . .
အကြင်သံသရာ ခရီးသွားအချင်းချင်းသည်

ပေးလှူအပ်သောအသိပညာကို
ခွဲခြမ်းဝေငှ၍ပေးအပ်သည်ဟု
ဗုဒ္ဓမြတ်စွာသာသနာ၀ယ်
ဟောကြားထားအပ်သော
အဆုံးအမစကားရှိ၏။

(မဇ္ဈိမနိကာယ်၊ သင်္ဂါရဝသုတ်)
သံသရာခရီးသွားဖော်အချင်းချင်းတို့အား
အနည်းငယ်မျှဖြစ်သော်လည်း
ပေးလှူအပ်သောအသိပညာကို
ခွဲခြမ်းဝေငှ၍
ပေးကမ်းခြင်းကိစ္စလည်းဖြစ်ပါသည်။
အမှောင်မှ အမှောင်သို့သွားနေသူကို
အမှောင်မှ အလင်းသို့သွားတတ်အောင်
ရှေ့ဆောင်လမ်းပြခြင်းကိစ္စလည်း
ဖြစ်ပါသည်။
လူဖြစ်ကြတာခြင်းတူပါလျက်
လူဖြစ်ကျိုးနပ်သူနှင့်
လူဖြစ်ရှုံးသူတို့တွင်
ပုထုဇဉ်သည် လူဖြစ်ရှုံးသူ၊
လူဖြစ်ကျိုးမနပ်သူဖြစ်သည်။
လူသည် အသိဉာဏ်ရှိသော
သတ္တဝါဖြစ်သည်၊
သို့ဆိုသော်လည်း . . .
ပုထုဇဉ်၏ အသိဉာဏ်သည်
သူ့ဘဝကို မကယ်နိုင်၊
သံသရာဝဲဩဃထဲက
သူ့ကိုယ်သူ ဆွဲမထုတ်နိုင်၊
သူ့ကိုယ်ထဲမှာ
အပါယ်မျိုးစေ့အပြည့်ပါလာသည်ကို၊
သူမသိရှာ။
သူ့မှာ သုတဗုဒ္ဓိဉာဏ်မျက်စိမရှိ၊
ဉာဏ်မျက်စိမရှိသောကြောင့်
သူရထားသော ခန္ဓာအကြောင်းကို
သူကောင်းကောင်းမသိ။
ဓာတ်အကြောင်း၊
အာယာတနအကြောင်း၊
သစ္စာအကြောင်း၊
ပဋိစ္စသမုပ္ပါဒ်အကြောင်း၊
သတိပဋ္ဌာန်အကြောင်း၊
တစေ့တစောင်းလည်းမလေ့လာ၊
ဘာဆိုဘာမှသူမသိ၊
သူ့အသိမှာငါရှိသည်၊
ပုဂ္ဂိုလ် သတ္တဝါ ယောကျာ်း မိန်းမ
ပစ္စည်းဥစ္စာ တိုက်တာ အိမ်ယာ
အာဏာဂုဏ်ရှိန် ထိန်ထိန်ညီးညီး
ပြီးပြည့်စုံလျှင်
ဘပတွင် ကိစ္စအဝဝ၊ ဆုံးခန်းသို့ကျပြီထင်ကာ
ရွှင်ရွှင်ပျပျ ကြွကြွမော်မော် ပျော်ပျော်ပါးပါး
အားရဝမ်းသာရှိနေရှာသည်။
ဂင်္ဂါမြစ်မှာမျောပါလာသော
ဆင်သေကောင်ပေါ်မှာ
နားနေသောကျီးမိုက်ပမာ
သမုဒ္ဒရာသို့ရောက်၍
ဆင်သေကောင်နစ်မြုပ်ပျောက်ကွယ်မှ
ဘဝမှာ ဆောက်တည်ရာမဲ့ဖြစ်ရသည်။
လူသည် လက်ရှိဘဝကို
ဘာကြောင့်ရခဲ့သည်
ဘယ်လိုရခဲ့သည်ဆိုသော
ဘဝ၏အလွန်နက်ရှိုင်းသေ
သိဖွယ်ကိစ္စကိုမူ
ဘယ်သူမျှ သိနိုင်စွမ်းမရှိခဲ့ကြချေ။
အဝိဇ္ဇာသင်္ခါရကြောင့်
ခန္ဓာငါးပါး၊ ရုပ်နာမ်တရားကို

ဝိပါကဝဋ်အဖြစ်ဖြင့်
ရခဲ့ကြခြင်းဖြစ်သည်ဆိုသော
အလွန်ရဲရင့်သောအဖြေကို
ဗုဒ္ဓရှင်တော်မြတ်ဘုရားမှတစ်ပါး
ဤလောက၌ ဖြေကြားနိုင်သောသူ
တစ်စုံတစ်ယောက်မျှ မရှိခဲ့ချေ။
ဇာတိ ပဋိသန္ဓေနေရသော
သတ္တဝါတိုင်းမှာ
မွေးကတည်းက သေမိန့်ကျပြီးသူကဲ့သို့
ဝိပရိဏာမဘေးကြီး
အပြီးပါလာခဲ့သည်။
မုချရင်ဆိုင်ရမည်၊
သို့သော် သေခြင်းသည် ဘဝ၏အဆုံးမဟုတ်သေး၊
သံသရာမှာ အပါယ်ဘဝများ၌
တစ်ဖန် ပဋိသန္ဓေနေရခြင်း
ဆိုသော ဝိနိပါတဘေးကြီးကလည်း ရှိသေးသည်၊
သေမိန့်ကျထားသော
ခန္ဓာများစွာသံသရာ၌
အဖန်တလဲလဲ
ကျင်လည်ရခြင်းဝဋ်ဆင်းရဲမှ
လုံးဝလွတ်မြောက်ရေးသည်သာ
လူ့ဘဝ၏ပန်းတိုင်ဖြစ်ကြောင်း၊
ဝဋ်ဆင်းရဲအပေါင်းမှ လွတ်မြောက်ရာ
လမ်းဖြောင့်လမ်းမှန်ဖြစ်သော
အဋ္ဌင်္ဂိကမဂ်ကို
ဟောဖော်ညွှန်ပြ ဆုံးမနိုင်သောသူကား
ဤလောက၌
ဂေါတမဗုဒ္ဓတစ်ပါးတည်းသာလျှင် ရှိသည်။

လူသားသည်
သံသရာမှထွက်မြောက်ရာဖြစ်သော
နိဗ္ဗာန်မဂ်ဖိုလ်ကိုမရမီစပ်ကြားဝယ်
သုံးဆယ့်တစ်ဘုံတွင် အစုန်အဆန်
ကျင်လည်ကြရဦးမည်။
ထိုအခါ အပါယ်ဘဝများသို့
ကျသွားနိုင်သော အခွင့်အလမ်းကလည်း
အလွန်များပြားသည်။
လူ့ခန္ဓာမှာ သေလျှင်
အပါယ်သို့ဆွဲချသွားမည့်
အပါယ်မျိုးစေ့ဒိဋ္ဌိက
အပြီးပါလာသည်။
ထိုမျိုးစေ့ကို
အပါယ်ဘဝ၌အပင်မပေါက်နိုင်အောင်
ယခုမျက်မှောက်
လူဖြစ်စဉ်ခဏဝယ်
ဉာတပရိညာ၊ တီရဏပရိညာ၊
ပဟာနပရိညာ ခေါ်သော
ပရိညာသုံးပါးဖြင့်
အပြီးပယ်သတ်ကြရမည်၊
သို့မှသာ အပါယ်တံခါးပိတ်မည်။

ဗုဒ္ဓဘာသာ (ထေရဝါဒ) အမြင်မှာ အပါယ်ဘုံဘဝတွေနဲ့ နှိုင်းစာရင် (၃၁)ဘုံဆိုတဲ့ ဘဝတွေနဲ့ နှိုင်းစာလျှင် လူ့ဘဝကပိုကောင်းတယ်၊ လူ့ဘဝဟာ ဘဝပဒေသာပင်ကြီးလို့တောင် ဗုဒ္ဓဘာသာက ယုံကြည်ထားတယ်၊ ပြီးတော့ လူ့ဘဝဟာ အလွန်ရခဲတယ်လို့လည်း ဗုဒ္ဓဘာသာက ယုံကြည်တယ်၊ ဗုဒ္ဓအရှင်မြတ်ကလဲ ဟောတော်မူခဲ့တယ်၊ ဒါပေမဲ့ လူဇာတိ လူ့ဘဝမှာ ဝမ်းနည်းစရာကောင်းတာက သူရဲ့အတွင်းသဏ္ဍာန်မှာ အပါယ်ကို ဆွဲချသွားတတ်တဲ့ အပယ်မျိုးစေ့ အပါယ်သွားတဲ့ ဓါတ်က အပြီးပါလာတယ်၊ လူဟာ အဲဒီအပါယ်မျိုးစေ့ကို လူဖြစ်စဉ်အခါမှာ အသေမသတ်နိုင်လို့ရှိရင် သေရင်အပါယ်ကျဖို့ အလွန်သေချာတယ်၊ သူ့မှာ ဝိပရီဏာမလို့ခေါ်တဲ့ အိုနာသေဘေးကလည်း မလွတ်ဘူး၊ သေရင်လည်း အပါယ်ဘေး (ဝိနိပါတဘေး)ကလည်း မလွတ်ဘူး။

အဲဒီပြော့ အဲဒီဘေးက လွတ်အောင် (အိုနာ သေဘေး) ဆိုတာကတော့ အဆုံးပန်းတိုင်ဖြစ်တဲ့ နိဗ္ဗာန်မဂ်ဖိုလ်ကို (သောတာပန်)ရောက်မှ ဖြစ်ပါမယ်၊ အဲဒီလိုဆိုရင် ပုထုဇဉ်ဟာ ဒီဘဝမှာ ကိုယ့်ကိုကိုယ် နိဗ္ဗာန်မဂ်ဖိုလ်ကိုရအောင် ရောက်အောင် မလုပ်နိုင်ဘူးလား၊ လုပ်နိုင်မလား၊ ကိုယ့်အင်အား၊ ကိုယ့်အသက် အရွယ်၊ ကိုယ့်ပါရမီ အဆောက်အအုံကို ချင့်တွက်ပြီး လောင်စာ သိမ်းလို့ ဆီးငြိမ်းတဲ့အဖြစ်ရောက်အောင်လုပ်ပါ။ (လုပ်ပုံလုပ်နည်း အပြည့်အစုံလဲ ရေးပြီးထားပါပြီ) သောတာပန်ဖြစ်အောင်လုပ်ပါ။

တချို့ကျတော့လည်း သောတာပန်လဲဖြစ်မှာ မဟုတ်ပါဘူး၊ သောတာပန်ဆိုတာကလဲ လွယ်တာမှ မဟုတ်တာဆိုပြီး ကိုယ့်ကိုကိုယ် အားလျှော့တဲ့လူလဲရှိမယ်၊ ပုထုဇဉ်ဆိုတာ ဘာမှမလုပ်သေးခင် အားလျှော့ချင်တာအရင်ကို၊ဒီလိုဆိုရင်လဲ အားငယ်စရာမလိုပါဘူး၊ ဒီဘဝသေလွန်တဲ့အခါ ဒုတိယဘဝမှာအပယ်မကျအောင် လုပ်တဲ့အဆင့် တစ်ဆင့် ကျန်ရှိနေသေးတယ်။ (ဈေးရောင်းသလိုပေါ့ မြတ်ချင်လို့ ရောင်းတာဘဲ၊ အကြောင်း အမျိုးမျိုးကြောင့် အမြတ်မရရင်တောင် အရင်းဖြစ်အောင်တော့ လုပ်ရပါမယ်)၊ <u>အနည်းဆုံး ဒီဘဝသေပြီးနောက် ဘဝ အပါယ်မကျဘဲ သောတာပန် ဖြစ်တဲ့ နည်းလဲရှိပါသေးတယ်၊ အဲဒီနည်းကို သဘောပေါက်အောင် ဘုရားဟော ဆရာတော်ကြီးများ၏ ဩဝါဒများနဲ့ အညီ ရေးသားဖော်ပြသွားပါမယ်။</u>

ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီးက သူရဲ့ဥတ္တမပုရိသဒိပနီကျမ်းမှာ ပုထုဇဉ်ရဲ့အနေ အထားကို အရှင်းလင်းဆုံး ရေးပြထားပါတယ်။

ပုထုဇဉ်ကလည်း (၂)မျိုး (၂)စားရှိပါတယ်။ (၁) အန္ဓပုထုဇဉ် (၂) ကလျာဏပုထုဇဉ် ဆိုတာပဲ ဖြစ်ပါတယ်။

## အန္ဓပုထုဇဉ်

လယ်တီဆရာတော်ဘုရားကြီးက အန္ဓပုထုဇဉ်ဆိုတာ သုတဗုဒ္ဓိ ဉာဏ်မျက်စိကင်းတဲ့ လူကို ဆိုပါတယ်၊ သုတဗုဒ္ဓိ ဉာဏ်မျက်စိကင်းသူဆိုတာက ဒီလူဟာ ခန္ဓာတရားရဲ့ သဘောကိုမသိဘူး၊ ဓါတ်တရား၊ အာယတနတရား၊ သစ္စာတရား၊ ပဋိစ္စသမုပ္ပါဒ်တရား၊ သတိပဋ္ဌာန်တရားတို့ရဲ့ သဘောကို သရုပ်ကွဲအောင် အနက်အဓိပ္ပါယ်ပေါ်အောင်လည်း မသိဘူး၊ ဒီတော့ သူ့အမြင်မှာ ငါ၊ သူတစ်ပါး ပုဂ္ဂိုလ်သတ္တဝါလို့ ထင်မြင်နေတဲ့ သက္ကါယဒိဋ္ဌိ အဆောက်အအုံကြီး တည်ရှိနေတယ်။

## ရွှေဟင်္သာ ဆရာတော်ဘုရားကြီး၏ အန္ဓပုထုဇဉ်

ရွှေဟင်္သာဆရာတော်ဘုရားကြီးက အမတဂါမိနိတရားတော်မှာ အန္ဓပုထုဇဉ်ရဲ့ သဘောလက္ခဏာ (၁၁)ချက်လို့ ဖော်ပြထားတယ်။

၁။ အထူးထူးအပြားပြားသော ကိလေသာကို ဖြစ်စေသည်။

၂။ အထူးထူးသော ဘုရားအမည်ခံ ကိုးကွယ်ရာ ဆရာများရှာပြီးလည်း ကိုးကွယ်တယ်။

၃။ သက္ကါယဒိဋ္ဌိကို မပယ်သတ်နိုင်ဘူး။

၄။ သေရင်အပါယ်ဂတိလားရာရှိတယ်။

၅။ အထူးထူးသောလောကီကုသိုလ် - အကုသိုလ်တွေ လုပ်ကယ်။

၆။ ဩဃလေးအင်ရေအလျင်မှာ မြုပ်မျော၊ ပေါ်မျောနေတတ်တယ်။

၇။ ကိလေသာ အပူမီးမျိုးစုံ ပူလောင်ကျွမ်းနေတယ်။

၈။ ကာမဂုဏ်အလွန်အလိုရှိသောကြောင့်ငင်း၊ ကာမဂုဏ်တို့ စွဲမက်ခြင်း၊ အားကြီး၍ ငင်းကိလေသာတို့၌ ကပ်ငြိလျက်ရှိသည်၊

၉။ နီဝရဏတရားတို့ဖြင့် ပိတ်ဆီးလျက်ရှိတယ်၊

၁၀။ အရိယာတို့ရဲ့ တရားဆိုရင် မျက်နှာလွှဲတယ်၊ ယုတ်ညံ့တဲ့ကိုယ်အကျင့်ရှိသူတို့၏ အကျင့်ကိုတော့ နှစ်သက်တယ်။

၁၁။ သီလဖြူစင်တဲ့ အကျင့်ရှိတဲ့ အရိယာတို့နှင့် အသီးအခြားနေတတ်သည် (ဒါတွေအားလုံး ဘာကြောင့်ဖြစ်ရသလဲဆိုရင် အန္ဓပုထုဇဉ်ရဲ့ကိုယ်မှာ သုတဗုဒ္ဓိဉာဏ်မရှိလို့၊ အကြားအမြင် မရှိလို့ ဖြစ်တယ်လို့ ကျမ်းဂန်မှာ ဆိုတယ်

## ကလျာဏပုထုဇဉ်

လယ်တီဆရာတော်ဘုရားကြီးက ကလျာဏပုထုဇဉ်ကို ဉာဏ်မျက်စိရှိသူဖြစ်တယ်၊ ဉာဏ်မျက်စိဆိုရာမှာ ဒိဋ္ဌုဇုကမ္မာဒိဋ္ဌိဉာဏ်မျက်စိ ပရိယတ္တိဉာဏ်မျက်စိ၊ ဝိပဿနာ သမ္မာဒိဋ္ဌိ ဉာဏ်မျက်စိ။ လောကုတ္တရာ သမာဒိဋ္ဌိဉာဏ်မျက်စိ စသည့် ဉာဏ်မျက်စိကို ဆိုလိုသည်။

သက္ကာယဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာကို ခွာချပြတ်ပယ်နိုင်သော ခန္ဓာသိမှု၊ ဓာတ်သိမှု၊ ပဋိစ္စသမုပ္ပါဒ်

သိမှုစတဲ့ ဝိပဿနာသမ္မါဒိဋ္ဌိဉာဏ်မျက်စိပေါက်မှသာ ကလျာဏပုထုဇဉ်လို့ ခေါ်ထိုက်တယ်၊ ကလျာဏပုထုဇဉ်အဖြစ်ကို ရောက်တဲ့အခါမှာ ယခုဘဝ လောကုတ္တရာ သမ္မာဒိဋ္ဌိဉာဏ်မျက်စိ ပေါက်ရင်ပေါက်၊ မပေါက်ရင် ဒုတိယဘဝမှာ နတ်ဖြစ်သော်လည်း လောကုတ္တရာ သမ္မာဒိဋ္ဌိ ဉာဏ်မျက်စိပေါက်မှာပဲတဲ့၊ ဆိုလိုတာကတော့ ဒီဘဝမှာ မဂ်ကိစ္စမပြီးဘူးဆိုရင်တောင် နောင်ဘဝမှာ နတ်သား၊ နတ်သမီးအဖြစ်နဲ့ သောတပန်ဖြစ်မှာပဲလို့ ဆိုလိုတယ်။ ဆရာတော်က ကလျာဏပုထုဇဉ် ဆိုတာဟာ **ဗောဓိအခြေအမြစ်စိုက်ပြီးသူ ဖြစ်တယ်တဲ့။**

ဗောဓိအခြေစိုက်ပြီးသူ ဖြစ်တဲ့အတွက် လူအဖြစ်၊ နတ်အဖြစ်နဲ့ ကြုံရာသာသနာမှာ အလွယ်တကူ ကျွတ်တန်းဝယ်မယ့်သူ ဖြစ်တယ်တဲ့။ ဒီလိုအခြေစိုက်ပြီးသူကို ကလျာဏပုထုဇဉ်ဟု ခေါ်တယ်။ ဆရာတော် ဘုရားကြီး အမိန့်ရှိတာက သီလ သမာဓိကောင်းတာမျှဖြင့် ကလျာဏ ပုထုဇဉ်လို့ မခေါ်နိုင်သေးဘူးတဲ့။ စာပေပရိယတ္တိတတ်ကာမျှနှင့်လည်း ကလျာဏပုထုဇဉ်ဟု မခေါ်နိုင်ဘူးတဲ့။

ကျေးဇူးရှင် သပိတ်အိုင်တောရ ဆရာတော်ဘုရားကြီးက "စူဠသောတပန်ဖြစ်ခန်း" ခါတ်ကမ္မဋ္ဌာန်းကျမ်းမှာ စူဠသောတာပန်ကလျာဏ ပုထုဇဉ်နဲ့ပါတ်သက်ပြီး ဘယ်လိုပြောထားသလဲဆိုတော့ မဂ်ဖိုလ်တရားဆိုကာ အစီအစဉ်အတိုင်းသာရကြတယ်။ (စူဠသောတာပန်→ သောတာပတ္တိမဂ် → သကဒါဂါမိမဂ်→ အနာဂါမိမဂ်→ အရဟတ္တမဂ်) ဒါကြောင့် သောတာပတ္တိမဂ်ကိုမရသေးလျှင် စူဠသောတာပန် (ကလျာဏ ပုထုဇဉ်) အဖြစ်ကို ကေန်ရအောင် လုပ်ကားဖို့ ဆုံးဖြတ်ထားပါတယ်။ စူဠသောတာပန်ဖြစ်ရင် အပါယ်မကျတော့ဘဲ ဒုတိယဘဝမှာ မဟာသောတာပန် အစစ်ကြီး ဖြစ်ပေလိမ့်မယ်၊ စူဠသောတာပန်ဆိုတာ သောတာပန်လောင်းလို့ ဆိုလိုတယ်တဲ့။

ကျေးဇူးရှင် သပိတ်အိုင်တောရဆရာတော်ကြီးက မဂ္ဂသံယုတ်အဋ္ဌကထာကို ကိုးကားလျက် စူဠသောတာပန်ကို အောက်ပါအတိုင်း အမိန့်ရှိခဲ့ပါသည်။

"သောတံ အာဒိတော ပဋိသု ပါပုဏိ သူတိ သောတာ ပန္နာစူဠသောတာပန္န၊ စူဠသောတာပန္နာ"

| | |
|---|---|
| ယေ | - အကြင်နာမရူပ ပရိစ္ဆေဒဉာဏ်။ ပစ္စယပရိဂ္ဂဟ ဉာဏ် ၂ပါး နှင့် ပြည့်စုံသော ပုဂ္ဂိုလ်တို့သည် |
| သောတံ | - မဂ္ဂင်ရှစ်ပါးတည်းဟူသော ရေအယဉ်သို့ |
| အာဒိတော | - အစစွာ |
| အာပဋိသု ပါပုဏိသု | - ရောက်ကုန်ပြီ |
| ဣတိတသ္မာ | - တို့ကြောင့် |
| တေ | - ထိုဉာဏ်နှစ်ပါးနှင့် ပြည့်စုံသော ပုဂ္ဂိုလ်တို့သည် |
| သောတပန္နာ | - သောတာပန်မည်ကုန်၏ |
| စူဠာ | - ငယ်ကုန်သော |

သောတပန္နာ - သောတာပန်ပုဂ္ဂိုလ်တို့တည်း

စူဠသောတပန္နာ - ငယ်ကုန်သော သောတာပန်ပုဂ္ဂိုလ်တို့တည်း (မဂ္ဂသံယုတ်အဌကထာ)

အန္ဓပုထုဇဉ်အဖြစ်မှ လွတ်ကင်း၍ ကလျာဏပုထုဇဉ်အဖြစ်သို့ ရောက်ရလေအောင် ရုပ်၊ နာမ်၊ ခန္ဓာ၊ အာယတန၊ ဓါတ်၊ သစ္စာ၊ ဣန္ဒြေ၊ ပဋိစ္စသမုပ္ပါဒ်တရားတို့ကို ကောင်းစွာ ကြည့်ရှုမှတ်သား ရာ၏။

စူဠသောတာပန် (ကလျာဏပုထုဇဉ်)ဖြစ်လျှင် နောက်ဘဝအပါယ်သို့ မကျရတော့ဘဲ ဒုတိယဘဝ စသည်တို့၌ မဟာသောတာပန်ကြီး အစစ်ဖြစ်ပေလိမ့်မယ်။

ယောဂီသူတော်စင်တို့သည် လူဘဝကို အလွန့်အလွန် ရခဲသောကြောင့် ပေါ့ဆမနေဘဲ အနည်းဆုံး အဆင့်တော့ (စူဠသောတာပန်)ဖြစ်အောင်လုပ်ပါက ရင်းစားမဆုံးတော့ဘဲ ယခုဘဝဆက်ကျင့်လျှင်လည်း ယခုဘဝ သောတာပန်ဖြစ်သည်။ ယခုဘဝမရလျှင် နောက်ဘဝ သောတာပန်ဖြစ်မည်၊ သတိပြုအားထုတ်ကြပါ။ စူဠသောတာပန်ကိုလည်း အဋ္ဌကထာအမျိုးမျိုး ဖွင့်ကြပါတယ်။ စူဠသောတာပန်ဆိုသည်မှာ နာမရူပ ပရိစ္ဆေဒဉာဏ်၊ ပစ္စယပရိဂ္ဂဟဉာဏ်၊ ကင်္ခါဝိတရဏ ဝိသုဒ္ဓိတို့နှင့် ပြည့်စုံသူကိုလည်း ခေါ်သည်။

## ဝိပဿနာရှုခြင်းကြောင့် စူဠသောတာပန်ဖြစ်ခြင်း

ဝိပဿနာအားထုတ်စဉ်တွင် မိမိ၏ခန္ဓာကို သမာဓိအားကောင်းစွာဖြင့် ကြည့်နေလျှင် မန္ဓာမဖောက်ပြန်မှု အမျိုးမျိုးကိုတွေ့နိုင်သည်။ ခန္ဓာတို့တွင် ပူလိုက်အေးလိုက် တင်းသွားလိုက် လျော့သွားလိုက်နှင့် ဓါတ်တွေဖောက်ပြန်မှုအမျိုးမျိုး ဖြစ်လိုက်ပျက်လိုက် (ဖြစ်ပျက်) ကို ဉာဏ်ဖြင့် တွေ့မြင်ရသည်။ ဤသို့ ဖြစ်ပျက်ကိုတွေ့လျှင်ပင် တစ်ဘဝအတွက် အပယ်မကျနိုင် အာမခံချက် ရတဲ့ စူဠသောတာပန်ဖြစ်ပြီဟု ဆုံးဖြတ်နိုင်သည်။ (ဝိပဿနာရှုခြင်းဖြင့်ရနိုင်သည်။)

## "နာမရူပရိပစ္ဆေဒဉာဏ်နှင့် ပစ္စယပရိဂ္ဂဟဉာဏ်"

ကလျာဏပုထုဇဉ် (စူဠသောတာပန်)ဖြစ်ဖို့ဆိုတာ သက္ကာယဒိဋ္ဌိအဆောက်အအုံကြီးကို ဖြိုဖျက်နိုင်ရင် အသိ(ဉာတပရိညာ)နှင့်ပယ်နိုင်ရင် ကလျာဏပုထုဇဉ်ဖြစ်ပါတယ်။ ဒိဋ္ဌိကို ပယ်ဖို့ အတွက် နာမရူပပရိစ္ဆေဒဉာဏ်နှင့် ပစ္စယပရိဂ္ဂဟဉာဏ်နှစ်ခုကို သဘောပေါက်ရန် လိုပါသည်။

နာမရူပပရိစ္ဆေဒဉာဏ်(ရုပ်နာမ်ကို ပိုင်းခြားသိသောဉာဏ်) ပစ္စယပရိဂ္ဂဟဉာဏ် (အကြောင်းတရားကြောင့် အကျိုးတရားဖြစ်ကြောင်းသိသောဉာဏ်) အကျယ်ကို ဉာဏ်စဉ် (၁၆)ပါးတွင်ကြည့်ပါ၊ ဉာဏ်စဉ် (၁၆)ပါးတွင် ဝိပဿနာဉာဏ်စဉ်မှာ (၁၀)ပါးသာ ရှိပါသည်။

## သဘောပေါက်အောင် ရှင်းလင်းချက်

**<u>သက္ကာယဒိဋ္ဌိ</u>**

ခန္ဓာငါးပါးကို ပုဂ္ဂိုလ်သတ္တဝါ သူ ငါ ယောကျာ်း မိန်းမဟု ထင်မှတ်မှားသောအယူ ပုဂ္ဂိုလ်သတ္တဝါမရှိ၊ ခန္ဓာငါးပါး၊ ရုပ်နာမ် (၂)ပါးသာ ရှိသည်။

* သင်ဘာလို့ ထိုင်သလဲ ထိုင်ချင်လို့ထိုင်တာ
(ထိုင်ချင်တာက နာမ်၊ ထိုင်တာက ရုပ်)
* သင်ဘာလို့ စားတာလဲ၊ စားချင်လို့ စားတာ
(စားချင်တာက နာမ်၊ စားတာရုပ်)
* သင်ဘာလို့ သွားတာလဲ၊ သွားချင်လို့ သွားတာ
(သွားချင်တာက နာမ်၊ သွားတာက ရုပ်)
* သင်နှာသီးဝမှာ လေ ထိနေတာကို သိ တယ်
(လေက ရုပ် သိတာက နာမ်)

ဘာတွေပဲလုပ်လုပ် (ရုပ်နှင့်နာမ်) တွေကသာ အလုပ်လုပ်နေတာ ပုဂ္ဂိုလ်သတ္တဝါ မပါဘူး။ ဒါကိုသိရင် သက္ကာယဒိဋ္ဌိကင်းပါတယ်။ ရုပ်နှင့်နာမ်သာရှိသည့် ပုဂ္ဂိုလ်သတ္တဝါ မရှိပါ။

တရားထိုင်နေတုန်း ဝေဒနာတစ်ခုခု (ရင်ထဲမှာ အောင့်လာတယ်) ခံစားလိုက်ရလို့ ငါတော့ ဒုက္ခပဲ သေတော့မှာပဲဆိုရင် ငါဆိုတဲ့ သက္ကာယဒိဋ္ဌိဝင်တာပဲ၊ ရုပ်ဆိုတာ ဖောက်ပြန်တဲ့ သဘောရှိလို့ ဖောက်ပြန်တာပဲလို့ နားလည်ရင် ပုဂ္ဂိုလ်သတ္တဝါ (ငါ) မပါသည့်အတွက် ဒိဋ္ဌိ ကင်းတယ်လို့ ခေါ်တယ်။

သက္ကာယဒိဋ္ဌိကို မပယ်နိုင်ခင် သေဆုံးသွားရင် အပါယ်ကိုရောက်မှာပဲ သက္ကာယဒိဋ္ဌိကို ပယ်ဖို့ ကိစ္စဟာ ပုထုဇဉ်ရဲ့ ဘဝမှာ အလွန်အရေးကြီးတယ်လို့ မြတ်စွာဘုရားက ဟောခဲ့တယ်။

သက္ကာယက အရေးကြီးလို့ ထပ်လေါင်း ဥပမာပြုပါမယ်။

ဝိသာခနှင့် ဓမ္မဒိန္နာ အမေးအဖြေလုပ်ရာတွင်ကြည့်ပါ။ (ဝိသာခသူဌေးကြီးက ပထမအနာဂါမ် တည်တယ်။ သူ့ဇနီး ဓမ္မဒိန္နာက မူလပုထုဇဉ် နောက်ခွင့်တောင်း ဘိက္ခုနီ သာသနာမှာ ရဟန်းမပြုတယ်၊ နှစ်ရက်သုံးရက်အတွင်း ရဟန္တာထေရီမ ဖြစ်သွားတယ်။

သူဌေးကြီးက ရှင်မ ဓမ္မဒိန္နာ၊ သက္ကာယဆိုပြီး ပြောဆိုနေကြတယ်။ အဲ့ဒါ ဘာကိုသက္ကါယ လို့ ခေါ်တယ်လို့ ဘုရားဟောတော်မူပါသလဲလို့မေးတယ် -

ဓမ္မဒိန္နာက - ဒါယကာ ဝိသာခ၊ ပဉ္စ ပါဒါနက္ခန္ဓာလို့ခေါ်တဲ့ ပရမတ်သဘောအားဖြင့် ထင်ရှားရှိတဲ့ ခန္ဓာငါးပါးပါ အရုပ်နာမ်အပေါင်းကို သက္ကာယလို့ မြတ်စွာဘုရားက ဟောကြား တယ်လို့ ပြောတယ်။

ခန္ဓာငါးပါးကို ဥပါဒါနက္ခန္ဓာလို့ ဘာဖြစ်လို့ ခေါ်သလဲဆိုတော့ မြင်တိုင်း၊ ကြားတိုင်း၊ ထိတိုင်း၊ သိတိုင်း ထင်ရှားပေါ်ပေါက်တဲ့ ရုပ်နာမ်တွေရဲ့ သဘောကို သိမြင်အောင် မရှုတတ်ရင် ဒါတွေဟာ မမြဲဘူး (အနိစ္စ) ဆင်းရဲတယ် (ဒုက္ခ) အစိုးမရတဲ့ (အနတ္တ) တရားတွေဖြစ်ကြောင်း မသိလိုက်ရင် အဲ့ဒီရုပ်နာမ်တွေကို မြဲနေတယ်၊ ချမ်းသာနေတယ်၊ အသက်ရှင်နေတဲ့ အတ္တတောင် အနေမျိုးနဲ့ စွဲလမ်းသွားမယ်၊ အဲ့ဒီလို စွဲလန်းတဲ့အတွက် ဒါရုပ်နာမ်တွေကို ဥပါဒါဒုက္ခန္ဓာလို့ ဆိုရတာပဲ -

ကျနော်၏ ဆရာ - အရှင်အာဒိစ္စရံသီ - (စာရေးဆရာ ဆန်းလွင်)ရဲ့ ဥပမာနဲ့ ပြောရလျှင် - ကိုယ်ကြိုက်နေတဲ့ ရည်းစားရဲ့မျက်နှာကိုမြင်လိုက်တဲ့အခါ သူရဲ့အဆင်းကို နှစ်သက်တယ်၊ သူ့အသံကို နှစ်သက်တယ် နောက် မွှေးပျံ့နေတဲ့ အနံ့ကို နှစ်သက်တယ်၊ သူနဲ့နီးစပ်တဲ့အခါ သူနဲ့ပူးပူးကပ်ကပ် နေရတဲ့ အထိအတွေ့ကို နှစ်သက်တယ်။

အဲ့ဒီအတွေ့ဟာ ဖောက်ပြန်ပျက်စီးနေတဲ့ ရုပ်ဓါတ်တွေ သူ့စိတ်တွေဟာလဲ ဖောက်ပြန်ပြောင်းလဲနေတဲ့ စိတ်ပဲဆိုတာကို ကိုယ်ကမသိဘူး၊ မရှုတတ်ဘူး၊ ဒီတော့ ကိုယ်ထိတွေ့နေတာတွေ ခံစားနေရတာတွေဟာ အမြဲဘဲ အဲဒီအတိုင်းနေမယ်လို့ ထင်လာမယ်။ စွဲလမ်းလာမယ်၊ သူဟာ တစ်နေ့အိုသွားမယ်၊ သူ့အလှတွေဟာ ပျက်စီးသွားမယ်၊ သူဟာနောက်ဆုံး ခန္ဓာပျက်ကြွေသွားမယ်။ ကိုယ်နဲ့ ရှင်ကွဲမကွဲရင်လည်း သေကွဲကွဲမှာ ဆိုတာကိုသာ မြင်ရင် စိတ်ချမ်းသာမလား စိတ်ဆင်းရဲမလား စိတ်ဆင်းရဲမှာပါ။ အပြောင်းအလဲ တွေ ဖောက်ပြန်မှုတွေဟာ မုချဖြစ်မှာပါ။

ဒါပေမဲ့ ကိုယ့်စိတ်ထဲမှာ ဒါတွေကို မမြင်ဘူး မြင်လဲ မမြင်ချင်ဘူး ခုတွေ့နေရတဲ့ အလှအတိုင်း တည်မြဲနေမယ်ဆိုတဲ့ ထင်မြင်စွဲလမ်းမှု ဥပါဒါန်မြင်နေတယ်၊ ဒါကြောင့် ခန္ဓာငါးပါးဟာ စွဲလန်းစရာတွေ စွဲလမ်းခံတွေဖြစ်နေတယ် ဒီလိုစွဲလမ်းခြင်းကို ဖြစ်ပေါ်စေတဲ့ ဥပါဒါနက္ခန္ဓာငါးပါးကို ဘုရားက 'သက္ကာယ'လို့ ခေါ်တယ်။

ဥပါဒါနက္ခန္ဓာက ဘာတွေလဲဆိုရင်

| | | |
|---|---|---|
| ၁။ ရုပ်ဥပါဒါနက္ခန္ဓာ | - | စွဲလမ်းစရာအစု |
| ၂။ ဝေဒနာဥပါဒါနက္ခန္ဓာ | - | စွဲလမ်းမှုရဲ့ အာရုံဖြစ်တဲ့ ဝေဒနာ (ခံစားမှု အစုတကစု) |
| ၃။ သညာ ဥပါဒါနက္ခန္ဓာ | - | စွဲလမ်းမှုရဲ့ အာရုံဖြစ်တဲ့ မှတ်သားမှု အစုကတပါး |
| ၄။ သင်္ခါရ ဥပါဒါနက္ခန္ဓာ | - | စွဲလမ်းစရာဖြစ်တဲ့ တိုက်တွန်းမှု ပြုလုပ်အားထုတ်ဆောင်ရွက်တတ်တဲ့ သင်္ခါရအဖို့ကအစုတစ်ပါး |
| ၅။ ဝိညာဏ ဥပါဒါက္ခန္ဓ | - | စွဲလမ်းမှုရဲ့ အာရုံဖြစ်သော စိတ်ဝိညာဏ်အဖို့ အစုတပါး ဒိငါးပါးကို သက္ကာယလို့ ခေါ်တယ် မြတ်စွာဘုရားဟော ထားကြောင်း ဓမ္မဒိန္နာထေရ်မက ပြောပါတယ် (ဘုရားက ဒီလို့ဟော ထားတာ ခန္ဓ ဝဂ္ဂသံယုတ်ပါဠိတော် (၁၂၉)မှာ ရှိပါတယ်။ |

သက္ကာယဆိုတာ မြင်တိုင်း၊ ကြားတိုင်း၊ နံတိုင်း စားတိုင်း တွေ့ထိတိုင်း ကြားသိတိုင်း တွေ့နေရတဲ့ ရုပ်နာမ်တရားတွေပါဘဲ ဝိပဿနာဉာဏ်ဖြင့် ဒီခန္ဓာတွေဟာ အနိစ္စပဲ၊ ဒုက္ခပဲ၊ အနတ္တာပဲ သို့မသိရင် ရုပ်နာမ် တွေကို အမြဲတည်နေတယ်လို့ ထင်မှတ်စွဲလမ်းနေတဲ့ အသက်ရှင်နေတဲ့ အတ္တကောင်၊ ငါကောင် သူကောင် ပဲလို့လည်း ထင်မှတ်စွဲလမ်းနေကြတယ်။

**သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ၊**

**သဗ္ဗရသံ ဓမ္မရသော ဇိနာတိ။**

**သဗ္ဗရတိံ ဓမ္မရတိ ဇိနာတိ၊**

**တဏှက္ခယော သဗ္ဗဒုက္ခံ ဇိနာတိ။**

ဒါနအားလုံးကို ဓမ္မဒါနက အောင်နိုင်၏။

အရသာအားလုံးကို တရားအရသာက အောင်နိုင်၏။

မွေ့လျော်ဖွယ်အားလုံးကို တရား၌ မွေ့လျော်ခြင်းက အောင်နိုင်၏၊

ဒုက္ခအားလုံးကို တဏှာကုန်ခြင်းက အောင်နိုင်၏။

**စိရံ တိဋ္ဌတု သဒ္ဓမ္မော၊ ဓမ္မေ ဟောန္တု သဂါရဝါ။**

ဘုရားရှင်၏ အဆုံးအမ သာသနာတော်သည်

အဓွန့်ရှည်စွာ တည်ပါစေသတည်း။

သဒ္ဓမ္မသုံးဖြာ၌ ရိုသေလေးစားခြင်း ရှိကြပါစေကုန်သတည်း။

# ခန္ဓာငါးပါးဖြစ်ပုံ

အသံကကြားတာကို လေ့လာကြည့်ပါ။ နားအကြည်နဲ့ အသံက ရုပ်နားအကြည်နဲ့ အသံတိုက်တော့ ကြားသိစိတ်ပေါ်တယ်။ ကြားသိစိတ်ပေါ်ရာမှာ ဝေဒနာ-သညာ- စေတနာတွေ ပါပါနေတယ်။ ဒါကနာမ်ခန္ဓာလေးပါး၊ ရုပ်ခန္ဓာနဲ့ နာမ်ခန္ဓာလေးပါး ပေါင်းတော့ ခန္ဓာငါးပါး ရတယ် (အကျဉ်းအားဖြင့် ရုပ်နာမ် နှစ်ပါးပါဘဲ)

ဒီအတိုင်းပဲ အနံ့အရသာ အထိအတွေ့မှာလဲ ခန္ဓာငါးပါးတပြိုင်နက်တည်းဖြစ်နေတယ် ဆိုတာ သိရပါမယ်။ ဝိပဿနာနဲ့ မရှုတတ်ကြလို့ ခန္ဓာငါးပါးကို တဏှာဒိဋ္ဌိနှင့် စွဲလမ်းနေကြတယ်။

(ဒီလောက်ဆိုရင် သက္ကာယဒိဋ္ဌိကိုရှင်းလောက်ပါပြီ။ လူပုဂ္ဂိုလ် သတ္တဝါမရှိ ခန္ဓာငါးပါး (ရုပ်နာမ် ၂ ပါး) သာရှိတယ်ဆိုတာ သိလောက်ရပြီ။

## သဿတဒိဋ္ဌိ

အဋ္ဌကထာများမှာ ဘဝတဏှာကို သဿတဒိဋ္ဌိနဲ့ ယှဉ်တွဲပြီး ဖြစ်တဲ့ တဏှာလို့ ပြဆိုထားတယ်။ ဘဝဆိုတာက ဖြစ်တည်နေတယ်။ ရှိနေတယ်လို့ အနက်ရတယ်။ ဒါကြောင့် ဘဝဟာ အမြဲရှိနေတယ်။ မြဲတယ်လို့ထင်ပြီး ဖြစ်တဲ့ နှစ်သက်သာယာမှုကို ဘဝတဏှာလို့ ခေါ်တယ်။

သဿတဒိဋ္ဌိကလည်း အသက်ရှင်နေတဲ့ အတ္တကောင်ဟာ ဘယ်တော့မှ မသေဘူး၊ မပျက်ဘူး၊ ရုပ်ကိုယ်ကြမ်းကြီးကသာ ပျက်စီးသွားတာ၊ အတ္တကောင်ကတော့မသေဘူး မပျက်ဘူး၊ အခြားရုပ် အသစ်ထဲမှာဝင်ပြီး အသစ်တဖန်ဖြစ်ပြီး တည်ရှိနေပြန်မယ်။ ကမ္ဘာပျက်တောင် သူကမပျက်ဘူး၊ အမြဲတန်းရှိနေတယ်လို့ ထင်မှတ်စွဲလမ်းတဲ့ အယူဟာ သဿတဒိဋ္ဌိပဲ၊ အဲဒီသဿတဒိဋ္ဌိနဲ့ ယှဉ်တွဲပြီး ဖြစ်တဲ့တဏှာကို ဘဝတဏှာလို့ခေါ်တယ်။

ရှေးကတည်းကတည်မြဲပြီး တည်ရှိလာတဲ့ ငါကပင် ခံစား ခံစားသွားရဦးမှာပဲလို့ ယုံကြည် ယူဆပြီးတော့ မြင်ရ၊ကြားရ၊သိရတဲ့ အာရုံတွေကိုလည်း လိုချင်နှစ်သက်တယ်။ နောင်ဘဝ အဆက်ဆက် မှာ ရမယ်ထင်လို့ ထင်တာတွေကိုလဲ မျှော်လင့်ပြီး လိုချင်တယ်၊ နှစ်သက်တယ် (ငါ)ဟာ အမြဲတမ်း တည်ရှိမှာပဲလို့ထင်တဲ့ အယူအစွဲကြောင့် ယခုရောနောင်တမလွန်မှာပါ ကောင်းစားချင်တယ်။ ချမ်းသာ ချင်တယ်၊ ဘဝကောင်းတွေပဲ ဖြစ်ချင်တယ်၊ နောင်လာမဲ့ဘဝ တွေမှာ လူချမ်းသာ၊ နတ်ချမ်းသာသာ ဖြစ်သွားချင်တယ်။ တချို့က ယောကျ်ားဘဝတွေပဲ ဖြစ်ချင်တယ်။ တချို့က မိန်းမဘဝပဲ ဖြစ်ချင်တယ်။ မိန်းမလျာအခြောက်တွေရဲ့ဘဝကို လူတွေက သနားကြတယ်။ ဘဝတဏှာဘယ်လောက် အားကြီးသလဲ ဆိုရင် အဲဒီမိန်းမလျာ၊ အခြောက်တွေ ကလည်း ဘဝဆက်တိုင်း အခြောက်ပဲဖြစ်ရပါလို၏လို့ ဆုတောင်းကြတယ်။

## ဥစ္ဆေဒဒိဋ္ဌိ

အဲဒါကတော့ သေပြီးရင် နောက်ဘဝဘာမှ မဖြစ်တော့ဘူးဆိုတဲ့ ဒိဋ္ဌိအယူအဆဘဲ အချို့က ဘဝပြက်တယ် ဆိုတာကို ယိုလားနှစ်သက်ကြတာဘဲ (အဲဒါက ဝိဘဝတဏှာ) ဝိဘဝ

တဏှာသမားတွေက မသေခင်သာရှိတာမို့ မသေခင်လုပ်ချင်တာလုပ်၊ ခံစားစရာတွေ ခံစားသွားတယ်။ သေပြီးရင် ကောင်းကျိုးမကောင်းကျိုး မရှိတော့တဲ့အတွက် အကုသိုလ်ကို ကြောက်စရာမလိုဘူး လုပ်ရဲတော့တာပေါ့။ (ရုပ်ဝါဒသမား များ ဖြစ်ကြတယ်)

__ပစ္စယပရိဂ္ဂဟဉာဏ်__

ယခုပေါ်ဆဲ ရုပ်နာမ်သည် အတိတ်အဝိဇ္ဇာသင်္ခါရ တည်းဟူသော တရားကိုယ် တရား ၂ပါးကြောင့် ဖြစ်ပေါ်လာတဲ့ အကျိုးတရားဟု ရုပ်နာမ်အပေါ်ဖြစ်ကြောင်း ဓမ္မသိမ်းဆည်းတတ်သောဉာဏ်ကိုခေါ်သည်။ (အကြောင်းအကျိုး ၂ ပါးကို ပိုင်းခြားသိသောဉာဏ်)

မြတ်စွာဘုရားက ဒိဋ္ဌိနှစ်မျိုးလုံး (သဿတဒိဋ္ဌိနှင့် ဥစ္ဆေဒဒိဋ္ဌိ) ကို ငြင်းပယ်ထားတယ်၊ မိလိန္ဒပဉှာ မှလည်း ဥပမာတွေအများကြီးပေးပြီး ဘဝတစ်ခု နှင့် တစ်ခု အကြောင်းအကျိုးဆက်စပ်ပုံကို ရှင်းပြထားတယ် သပိတ်အိုင်ဆရာတော်ဘုရားကြီးလည်း အကြောင်းအကျိုးကင်းပုံကို ဆက်စပ်ပြီး ဖြစ်ပျက်နေပုံကို အောက်ပါဥပမာနဲ့ ရှင်းပြထားပါတယ်။

ဥပမာ - သရက်စေ့တစ်စေ့ကို စိုက်ပျိုး၍ အသီးသီးသောအခါ အသစ်ဖြစ်သော သရက်စေ့ကို တွေ့မြင်ရင်အသစ်ဖြစ်သော သရက်စေ့သည် အဟောင်းဖြစ်သော သရက်စေ့ မဟုတ် အဟောင်းဖြစ်သော သရက်စေ့နှင့် အကြောင်းကင်း၍ သူ့ဘာသာဖြစ်သလားဟုမေးသော် သူ့ဘာသာဖြစ်သော သရက်စေ့လည်းမဟုတ် အဟောင်းဖြစ်သောသရက်စေ့နှင့် အသစ်ဖြစ်သော သရက်စေ့သည် အကြောင်းမကင်းရုံမျှသာ ဖြစ်သည်။

ထို့အတူ ဤခန္ဓာကိုယ်မှဖြစ်သော ဝိဉာဏ်စိတ်ကလေးသည် သေသည်မှ နောင်၌မှတပါးသော ခန္ဓာကိုယ်ထဲသို့ ဝင်သည်ဟူ၍လည်း မဆိုရ တပါးသော ခန္ဓာကိုယ်လည်း အလိုလိုဖြစ်သည်ဟုလည်း မဆိုရာ တစ်ဘဝနှင့် တဘဝအကြောင်းမကင်းနေရုံမျှသာဖြစ်သည်။ ဤသို့ ယူမှ သဿတဒိဋ္ဌိ စင်ကြယ်၍ တရားလမ်း ဖြောင့်ကြမည်။

နောက်ဥပမာတစ်ခုက - စာရွက်ပေါ်မှာ ရုံးတံဆိပ်ရိုက်လိုက်တော့ စာရွက်ပေါ်မှာ ရုံးတံဆိပ်အမှတ်အသား ပေါ်လာတယ်။ အဲ့ဒီစာရွက်ပေါ်က တံဆိပ်က မူလတံဆိပ်တုံးလားလို့လဲ ပြောလို့မရဘူး။ မူလတံဆိပ်တုံးနှင့် အကြောင်းကင်း၍ သူဟာသူဖြစ်တာလားဆိုတော့လဲ မဟုတ်ဘူး သစ်သားတုံးမှာရှိသော တံဆိပ်နှင့် စာရွက်ပေါ်မှာရှိသော တံဆိပ်အမှတ်အသားသည် အကြောင်း မကင်းပါဟုပြောလျှင် သဿတဒိဋ္ဌိကင်းပါသည်။ (အကြောင်းအကျိုးတရားဖြစ်ဆဲ ပဋိစ္စယပရိဂ္ဂဟ ဉာဏ်ကို သဘောပေါက်သည်လည်းဖြစ်ပါသည်။)

## တရားအားမထုတ်မီ ဒိဋ္ဌိကို အရင်ခွာ

မိုးကုတ်တရားတော်ကြီး၏(မူ)က 'တရားအားမထုတ်မီ ဒိဋ္ဌိအယူကိုအယူကို အသိဉာဏ်ဖြင့် (ဦးစွာ) ခွာပါဦး'ဟူ၍ ဖြစ်၏။

'ဒိဋ္ဌိတန်းလန်းဖြင့် အားထုတ်နေလို့ကတော့ ဘယ်နည်းနှင့်မျှ မဂ်မရနိုင်ပါဘူး' ဟူ၍ ခဏခဏ မိန့်တော်မူတတ်သည်။ မှန်ပါ၏ ဆရာတော်ကြီးကလည်း ပါဋ္ဌိတော်အကိုးအကားရှိ၍

ရဲရဲကြီးမိန့်တော်မူနေခြင်းဖြစ်သည်။

ရုပ် နာမ် မကွဲလျှင်၊ ပညတ် ပရမတ်ကလည်း မစင်လျှင် ဒိဋ္ဌိဝင်တတ်သည်။

## ဒိဋ္ဌိခွာမှုကို ဦးစွာရှေ့ထား

ဒိဋ္ဌိသည် မဂ်တား ဖိုလ်တားဖြစ်၏၊ မိမိတို့သွားရာလမ်းခရီးတွင် အနှောင့်အယှက် အတားအဆီးဖြစ်သည်။ သို့ဖြစ်၍လည်း မိုးကုတ်ဆရာတော်ကြီးက 'အဟန့်အတားကို ဦးစွာဖယ်ရှား ပစ်ပါဦး'ဟု မိန့်တော်မူလေ့ရှိ၏။

'ဒိဋ္ဌိ' ဟုသည် အပြည့်အစုံပြောလျှင် 'မိစ္ဆာဒိဋ္ဌိ' ဟူ၍ ဖြစ်၏။ (မိစ္ဆာ-မှားသော၊ ဒိဋ္ဌိ-အမြင်အယူအဆ) ယင်းတို့ကား အကျဉ်းအားဖြင့် သုံးမျိုးရှိ၏။

၁။ သက္ကာယဒိဋ္ဌိ

၂။ သဿတဒိဋ္ဌိ

၃။ ဉစ္ဆေဒဒိဋ္ဌိ တို့ဖြစ်ကြသည်။

ထို့ကြောင့် မိုးကုတ်ဆရာတော်ကြီးက -

၁။ ဒါနကိုနောက်ထားပါဦး

၂။ သီလကိုလည်းနောက်ထားပါဦး

၃။ သမထကိုလည်းနောက်ထားပါဦး

၄။ ဝိပဿနာကိုလည်းနောက်ထားပါဦး

'သူတို့အရင် ဒိဋ္ဌိခွာမှု ဒိဋ္ဌိဖြုတ်မှုကို ရှေ့ထားပါ'ဟု မိန့်တော်မူပါသည်။

'ဝိပဿနာမလုပ်ခင် ဒိဋ္ဌိကိုအရင်ခွာပါဦး'ဆိုသော စကားသည် မိုးကုတ်ဆရာတော်ကြီး၏ စကားဖြစ်သည်။ ဤကား မူသေစကားဖြစ်၏။ ဤစကားကို မိုးကုတ်တရာတော်ကြီးကသာ ပထမဆုံးစတင်၍ ပြောဆိုခဲ့ခြင်းဖြစ်လေသည်။

## အရေးကြီးသော ဒိဋ္ဌိသုံးမျိုး

ဒိဋ္ဌိသည်သမ္မာဒိဋ္ဌိနှင့် မိစ္ဆာဒိဋ္ဌိ နှစ်မျိုးရှိသည်။

(သမ္မာ-မှန်ကန်သော၊ ဒိဋ္ဌိ-အမြင်၊ မိစ္ဆာ-မှားယွင်းသော၊ဒိဋ္ဌိ-အမြင်)ထိုနှစ်မျိုးတွင် ဤနေရာ၌ ယောဂီသည် မိစ္ဆာဒိဋ္ဌိကို သိအပ်၏။

မိစ္ဆာဒိဋ္ဌိအမျိုးအစား(၆၂)ပါးရှိသည်ဟု ဗုဒ္ဓဟောကြားတော်မူ၏။ ယင်း(၆၂)ပါကို ချုံးလိုက်လျှင် သဿတဒိဋ္ဌိ၊ ဉစ္ဆေဒဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိ ဤ(၃)မျိုးတွင် အကုန်အကျုံးဝင်ကြသည်။

ဤနေရာ၌ သုံးမျိုးကိုသာလျှင် ဖော်ပြပါမည်။

၁။ သဿတဒိဋ္ဌိ -ခိုင်သည် မြဲသည်ဟုယူဆသောဒိဋ္ဌိ

၂။ ဉစ္ဆေဒဒိဋ္ဌိ - ပျက်စီးပြီးလျှင် လုံးဝပြက်သည်ဟုယူဆသောဒိဋ္ဌိ

၃။ သက္ကာယဒိဋ္ဌိ-အစစ်အမှန်ရှိသော သက္ကာယ(ခန္ဓာငါးပါး)အပေါ်၌ အစစ်အမှန် မရှိသော ပညတ်များ တင်စား၍ ထင်မှားနေသော ဒိဋ္ဌိ။

## ဒိဋ္ဌိသုံးမျိုး၏ သဘောအဓိပ္ပါယ်

အကျယ်ချဲ့၍ ပြောပါဦးစို့။ မိမိတို့မှာ ခန္ဓာငါးပါး ရှိ၏။ ရူပက္ခန္ဓာ၊ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ တို့ဖြစ်ကြသည်။

ဤ ခန္ဓာငါးပါးကို ချုံးလိုက်လျှင် ရုပ်နှင့်နာမ် နှစ်ပါးသာဖြစ်သွား၏။ ထို့ကြောင့် ရုပ်နာမ်နှစ်ပါးဆိုတာ ခန္ဓာငါးပါးနှင့်အတူတူပင်ဖြစ်၏။

(၁)တချို့ကယူဆကြသည်။ ဤရုပ်နာမ်နှစ်ပါး ခန္ဓာငါးပါးပျက်စီးသွားလျှင် ခန္ဓာကြီးက ကျန်ရစ်ခဲ့၏ မြေမြှုပ်ရ၏။ မီးရှို့ရ၏။ ရေမျှောရ၏။ နာမ်ခန္ဓာတွေကတော့ ထိုသို့အပြုမခံ၊ ဆိုင်ရာဘဝ သို့ကူးသွားကြသည်။

ဤသို့ဖြစ်လျှင် ဝိညာဏ်ဆိုသော စိတ်ကလေးကမသေဘဲ ဖြစ်နေသည်၊ ခိုင်နေသည်ဟု အဓိပ္ပါယ်ရောက်သည်။ ထိုသို့မြဲနေသည် ခိုင်နေသည်ဟု ယူဆလျှင် သဿတဒိဋ္ဌိဖြစ်နေပြီ။ (သဿတ-ခိုင်မြဲနေသော၊ ဒိဋ္ဌိ-အမြင် အယူအဆ)

(၂)အချို့ပုဂ္ဂိုလ်တို့ကား ရုပ်နာမ်နှစ်ပါး၊ ခန္ဓာငါးပါးပျက်စီးသွားလျှင် (ဝါ)သေသွားလျှင် ပြတ်ပြီ၊ နောက်ထပ်အဆက်အစပ်မရှိ။ သည်တစ်ဘဝမျှသာဖြစ်၏။ သစ်ရွက်ကလေးကွေ့ရင့်၍ ဝါရော်လာပြီး ကြွေကျသွားလျှင် နောက်ထပ်ပြန်ပြီးမစိမ်းစိုတော့၊ ခြောက်သွေ့ပြတ်တောက် သွားတော့သည်ဟု ယူဆကြ၏။

ဤအတူ ဤပုဂ္ဂိုလ်သည်လည်း ဘယ်ဘဝသို့မျှကူးပြောင်းသွားသည်မရှိ။ သည်ဘဝပြီး၍ ပြတ်စဲသွားပြီ။ နောက်တပ်အဆက်အစပ်မရှိ။ ဤသို့ ယူဆစွဲမြဲနေလျှင် ဥစ္ဆေဒဒိဋ္ဌိဖြစ်နေပြီ။ (ဥစ္ဆေဒ-ပြတ်စဲ သွားသော၊ ဒိဋ္ဌိ-အမြင်၊ အယူအဆ)

(၃)နောက်တမျိုးကား သက္ကာယဒိဋ္ဌိဖြစ်၏။ ရုပ်နာမ်နှစ်ပါး ခန္ဓာငါးပါးသည် ပရမတ္ထအားဖြင့် တကယ့် အစစ်အမှန်ရှိ၏။ ထို့ကြောင့် ဤရုပ်နာမ်နှစ်ပါးကို ပါဠိလို 'သက္ကာယ'ဟု ခေါ်ရသည်။

သက္ကာယေ+ဒိဋ္ဌိ-သက္ကာယဒိဋ္ဌိ။ (သက္ကာယေ-ပရမတ်အားဖြင့် တကယ် အစစ်အမှန် ထင်ရှားရှိသော ရုပ်နာမ်အပေါင်း၌၊ ဒိဋ္ဌိ-အထင်မှား အမြင်မှားဖြစ်နေခြင်းတည်း)

### သက္ကာယဒိဋ္ဌိဖြစ်ခြင်းအကြောင်းနှင့် ၄င်း၏အကျိုးဆက်

သက္ကာယေ(သ-သို့မဟုတ် သန္တော-အစစ်အမှန် ထင်ရှားရှိသောနှင့် ကာယ-ခန္ဓာငါးပါး) ၏ အဓိပ္ပါယ်မှာ အစစ်အမှန်ထင်ရှားရှိသောနှင့် ခန္ဓာငါးပါးဖြစ်၏။ ဒိဋ္ဌိ၏ အဓိပ္ပါယ်မှာ မှားယွင်းသော အမြင်အယူအဆဖြစ်သည်။ ဤစကားနှစ်လုံးပေါင်းပြီး သက္ကာယဒိဋ္ဌိ ဖြစ်လာ ရသည်။

မှားယွင်းသော အမြင်အယူအဆသည် ဘယ်ပုံဘယ်နည်းဖြစ်ပေါ်လာရပါသနည်း။ ပဉ္စက္ခန္ဓာဟု ဆိုသော ခန္ဓာငါးပါးကို ပုဂ္ဂိုလ်သတ္တဝါ ငါ ငါ့ဥစ္စာအသက်ဝိညာဏ်ဟု ထင်မြင်ယူဆသောအခါ အမြင်မှားအယူ အဆမှားသည် ပေါ်ပေါက်လာပေတော့သည်။ ဘဝဖြစ်တည်ရာဘုံ ၃၁ပါး အတွင်းမှာ ဒိဋ္ဌိသည် ပျက်စီးစေတတ်သောအန္တရာယ် အတားအဆီးကြီးဖြစ်ပေသည်။ ဗုဒ္ဓရှင်တော်မြတ်က 'ဝိဇ္ဇာနံ' ဘိက္ခဝေ မိစ္ဆာဒိဋ္ဌိ ပရမာနိ' ဟု ဟောတော်မူသည်။ အဓိပ္ပါယ်မှာ အပြစ်တကာတို့တွင် မိစ္ဆာဒိဋ္ဌိ(မှားယွင်းသောအမြင်)သည်ကား အပျက်စီးဆုံးသော အန္တရာယ်ဖြစ်ပေ၏။

အင်္ဂုတ္တရနိကာယ်တွင် ဗုဒ္ဓက သက္ကာဒိဋ္ဌိနှစ်ဆယ်မျိုးတို့သည် သတ္တဝါမှန်သမျှတို့အား သုဂတိဘုံသို့ရောက်အောင် ပို့ဆောင်နိုင်ခြင်းမရှိဘဲ ဒုဂ္ဂတိဘုံအပါယ်ဘဝသို့သာ ကျရောက်စေတတ်၏ ဟု ဟောတော်မူလေသည်။ ပဲစေ့အရွယ်ပမာဏခန့်ရှိသော ကျောက်စရစ်ခဲသည် မြေပေါ်သို့ မည်သည့် အခါမှပေါ်၍ မျောနိုင်ခြင်းမရှိသကဲ့သို့ သက္ကာယဒိဋ္ဌိရှိသော သတ္တဝါသည်လည်း သံသယာရေပြင်ပေါ်၌ ပေါ်မျော မျောနိုင်ခြင်းမရှိပေ။ သက္ကာယဒိဋ္ဌိသည် ၆၂-မျိုးတို့၏ မွေးဖွားရှင်သန်ရာဌာနလည်း ဖြစ်၏။ သက္ကာဒိဋ္ဌိကို မှီလျက်အမျိုးမျိုး သောအမြင်မှားဒိဋ္ဌိတို့သည် ပေါ်ပေါက်လာကြရ၏။ ထို့ကြောင့် ဗုဒ္ဓမြတ်စွာဘုရားက 'သတ္တိယာဝိယဉမ္မတ္တော ဒဍ္ဎယမာနောဝ မတ္ထကေ၊ သက္ကာယဒိဋ္ဌိ ပဟာနာယ၊ သတော ဘိက္ခု ပရိဗ္ဗဇေ' ဟု ဟောတော်မူသည်။ အဓိပ္ပါယ်မှာ ဦးခေါင်းကို မီးလောင်နေသောသူသို့ လည်းကောင်း၊ ရင်ဝကိုလှံစူးနေသောသူသို့ လည်းကောင်း သတိပဋ္ဌာန်းတရားကို ပွားများအားထုတ်သော ရဟန်းသည် လျင်မြန်စွာ သက္ကာယဒိဋ္ဌိကို ပတ်သက်ရာသည် ဟူ၍ဖြစ်၏။

အကြြင်သူတစ်ဦးမှာ သက္ကယဒိဋ္ဌိရှိသည်ဖြစ်အံ့၊ ထိုသူသည် ဒါန၊ သီလ၊ ဘာဝနာ စသောကောင်းမှုကုသိုလ်တို့ကို ပြုခြင်းဖြင့် သုဂတိဘဝသို့ရောက်နိုင်သည်ကားမှန်၏။ သို့သော် မည်သည့်အခါမှ မဂ်ဖိုကို ကားမရနိုင်တော့ပေ။

သက္ကာယဒိဋ္ဌိရှိသောသူသည် အမိကိုသတ်ရန်သော်လည်းကောင်း၊ အဖကိုသတ်ရန်သော်လည်းကောင်း ဗုဒ္ဓဘုရာကို သွေးစိမ်းတည်စေခြင်းကိုလည်းကောင်း ပြုလုပ်ရန် ဝန်မလေး (စာနာခြင်းမရှိ)တော့ပေ။ ထိုသူအဖို့ မကျူးလွန်ဝံ့သောအကုသိုလ်တရားမည်သည်လည်း မရှိတော့ပေ။ ဤသက္ကာယဒိဋ္ဌိ၏ တိုက်တွန်းမှုကြောင့်ပင်လျှင် ရှင်ဒေဝဒတ်သည် သူ့ကိုယ်သူ ဗုဒ္ဓလုပ်ရန်အတွက် ဗုဒ္ဓရှင်တော်မြတ်အား နည်းလမ်းပေါင်းစုံဖြင့်လုပ်ကြံ သတ်ဖြတ်ရန် ကြိုးစားခဲ့ခြင်းဖြစ်၏။ ရှင်ဒေဝဒတ်က သင့်ဖခင် ဗိမ္ဗိသာရမင်းကြီး အသက်ရှင်နေသမျှ ကာလပတ်လုံးသင်မင်းသားသည် ဘယ်တော့မှ ရှင်ဘုရင်ဖြစ်လာနိုင်မည် မဟုတ်ဟူသော မကောင်းသဖြင့် အကြံပေးမှုကို ယုံကြည်သည့်အတွက် အဇာတသတ်မင်းသားသည် ငယ်ရွယ်စဉ်ကာလ၌ ဘုရင်ဖြစ်လိုသောဆန္ဒရှိရကား သူ၏ဖခမည်းတော်ကို သတ်ဖြတ်ခဲ့လေသည်။ ဤကားသူ့ကို အသက်အရွယ် ကြီးရင့်ပြီဖြစ်သော ဖခင်ဘုရင်ကြီးကို သတ်ရန်အတွက် သက္ကယဒိဋ္ဌိက တိုက်တွန်းခဲ့ခြင်း ဖြစ်ပေတော့သည်။

သူဌေးသမီး ပဋာစာရီကို စိတ်ဖောက်ပြန်ရူးသွပ်အောင် ဖန်တီးခဲ့သည်မှာလည်း ဤဒိဋ္ဌိဝိပလ္လာ သို့မဟုတ် သက္ကာယဒိဋ္ဌိပင်ဖြစ်ပေသသည်။ မှားယွင်းသောအမြင်ကြောင့် ရုပ်နာမ်နှစ်ပါး ခန္ဓာငါးပါးကို လင်အဖြစ်၊ သားအဖြစ်၊ သမီးအဖြစ်၊ အဖအဖြစ်၊ အမေအဖြစ် အမှတ်မှားလေသောကြောင့် သူမသည် အရူးမဘ၀သို့ ဆိုက်ရောက်ရကာ နောက်ဆုံးတွင် အဝတ်မပါ ဗလာကိုယ်တည်း အထိန်းမဲ့ စိတ်ဝေဒနာရှင် အရူးမကြီးအဖြစ်သို့ ဆိုက်ရောက်ရလေသည်။

သက္ကာယဒိဋ္ဌိသောသူသည် စွန်ကြိုးအရှည်ရှိသလောက် ပျံတက်တတ်သော စွန် (လေတံခွန်)နှင့် တူ၏။ ထို့နောက် ထိုစွန်သည်မြေပြင်သို့ ထိုးကျရ၏။ အဘယ်ကြောင့်ဆိုသော် သူနှင့်အတူပါသွားသော သက္ကာယ ဒိဋ္ဌိက သူ့ကို ထိုသို့ကျဆင်းအောင်ပြုလုပ်သောကြောင့် ဖြစ်၏။

ဗုဒ္ဓက 'ဥက္ခိတ္တာ ပုညာနုတေဇေန၊ ကာမရူပဂတိံတာ၊ ဘဂ္ဂတမ္ပိတ္တာပုန ဂစ္ဆန္တိ ဒုဂ္ဂတိံ'ဟု ဟောတော်မူလေသည်။ အဓိပ္ပါယ်မှာ သမထ သို့မဟုတ် ကောင်းမှုကုသိုလ်ကြောင့် ကာမလောက၊ ရူပလောကနှင့် အရူပလောကများသို့ ရောက်နိုင်၏။ သို့ရာတွင် ထိုသူသည် အပါယ်ဒုဂ္ဂတိသို့ တစ်ဖန်ပြန်၍ မုချကျရောက် ရမည်သာဖြစ်၏။ အဘယ်ကြောင့်ဆိုသော် ထိုသူ၏ကိုယ်တွင်း၌ သက္ကာယဒိဋ္ဌိ ကိန်းအောင်းနေသောကြောင့် ဖြစ်၏။

## ဒိဋ္ဌိဖြစ်ခြင်းအကြောင်း (၈)ပါး

၁။ ခန္ဓာ၏သဘောကို မသိခြင်းကြောင့် ဒိဋ္ဌိဖြစ်သည်။

၂။ အဝိဇ္ဇာကြောင့်လည်း ဒိဋ္ဌိဖြစ်သည်။

၃။ ဖဿကြောင့်လည်း၏ ဒိဋ္ဌိဖြစ်သည်။

၄။ ဝိတက်ကြောင့်လည်း ဒိဋ္ဌိဖြစ်သည်။

၆။ နှလုံးသွင်းမှားသောကြောင့်လည်း ဒိဋ္ဌိဖြစ်သည်။

၇။ မိတ်ဆွေမှားနှင့်ပေါင်းသင်းမိ၍လည်း ဒိဋ္ဌိဖြစ်သည်။

၈။ မှားယွင်းသောတရားကို နာရသောကြောင့်လည်း ဒိဋ္ဌိဖြစ်သည်။

ဤသို့လျှင် ဒိဋ္ဌိဖြစ်ခြင်း၏အကြောင်း (၈)ပါးကို မြတ်စွာဘုရား ဟောကြားတော်မူခဲ့လေသည်။

ခန္ဓာကိုမသိခြင်းကြောင့် ဒိဋ္ဌိဖြစ်ရသည်ဆိုသောကြောင့် တရားအားထုတ်သော ယောဂီသည် ခန္ဓာ၏ဖြစ်ခြင်း ပျက်ခြင်းသဘော၊ ခန္ဓ၏အဓိပ္ပါယ် စသည်တို့ကို သိရန် အရေးကြီးသည်။

မိုးကုတ်ဆရာတော်ကြီးက ခန္ဓာ၏အဓိပ္ပါယ် ခန္ဓာတို့၏ဖြစ်ခြင်းပျက်ခြင်းသဘောကို နားလည်ချင်လျှင် ပဋိစ္စသမုပ္ပါဒ်တရားကို နားလည်ရန် အရေးကြီးကြောင်း ဟောကြားဆုံးမတော်မူခဲ့လေသည်။

## ရှင်ဆန္နဝတ္ထု

ရှင်ဆန္နသည် မင်းမှုထမ်းတစ်ဦးဖြစ်သည်။ သိဒ္ဓတ္ထမင်းသား ဗုဒ္ဓဘုရားအဖြစ်သို့ ရောက်သောအခါ ဆန္နအမတ်သည် ဗုဒ္ဓထံတွင် ရဟန်းပြုလေသည်။ သူသည် ဝိပဿနာ အလုပ်ကို နှစ်များစွာ ကြိုးပမ်းအားထုတ်ပါသော်လည်း - ပထမ (သောတာပတ္တိ) မဂ်ဉာဏ် ဖိုလ်ဉာဏ်ကိုပင် ရနိုင်ခြင်းမရှိဘဲ ဖြစ်ခဲ့ရသည်မှာ မှတ်သားစရာဖြစ်နေပေတော့သည်။ သူက တပါးသော ရဟန်းသံဃာ တော်များထံသို့ လှည့်လည်သွားလာပြီး သူသည် ဝိပဿနာရှုသောအခါ အနိစ္စကိုလည်း မြင်ပါ၏။ ဒုက္ခကိုလည်း မြင်ပါ၏။ သို့ပါလျှက် သူသည် မဂ်ဉာဏ် ဖိုလ်ဉာဏ် ကိုကား မရနိုင်ကြောင်း ထုတ်ဖော် ပြောဆိုလေသည်။ အမှန်ပင် သူသည် နှစ်ပေါင်းလေးဆယ် ကျော် ဝိပဿနာအလုပ်ကို ကြိုးပမ်း အားထုတ်ခဲ့ပါသည်။ ခန္ဓာတို့၏ ဖြစ်ခြင်းပျက်ခြင်းကိုလည်း မြင်ပါလျှက် ပထမမဂ် ကိုပင်မရနိုင်ပဲ ရှိလေတော့သည်။ သူ့အာနေနှင့် ရုပ်သည် အမြဲမရှိ ဖောက်ပြန်တတ်ကြောင်းကိုလည်း သိပါ၏။ ထို့အတူ ဝေဒနာ၊ သညာ၊ သင်္ခါရ ဝိညာဏ်တို့သည် လည်း မြဲမြံခြင်းမရှိကြောင်းကိုသိပါ၏။ အနိစ္စကိုသိသော် လည်း အနတ္တကို စဉ်းစားမိသောအခါ သူ့စိတ်ထဲတွင် ချောက်ကမ်းပါးစောက်ကြီးထဲသို့ လိမ့်ကျရတော့မလို ခံစားရကြောင်း ပြောဆိုလေ သည်။ ကိုယ်မှုသာမကသေး သူကဆက်ပြီးပြောသေး၏။ အကယ်၍ ခန္ဓာငါးပါးစလုံးသာ အနတ္တ ဖြစ်ပါမူကား သူဘာကို အားကိုးရပါတော့မလဲဟု ဆိုလေသည်။ သူသည် အနတ္တ အကြောင်း ဆင်ခြင်လိုက်သောအခါတိုင်း သူ့မှာ နက်စောက်သော ချောက်ကမ်းပါး စွန်းမှ လိမ့်ကျသလို သည်းထိတ်ရင်ဖိုဖြစ်ရသည်ဟု ဆိုလေသည်။ ဤနည်းဖြင့်သာ အချိန်ကာလ တို့သည် အနှစ်(၄၀) ကျော် ကြာမြင့်ခဲ့ရလေသည်။ မြတ်စွာဘုရားသာ ပရိနိဗ္ဗာန်ပြုသွားသည်။ သူကား တရားမရဘဲ ကျန်ရစ်ခဲ့ရလေသည်။

ဘုရား ပရိနိဗ္ဗာန်စံပြီးနောက် သူ့ကို ရဟန်းသံဃာတို့က ဗြဟ္မဒဏ်ခတ်ထား ကြလေ သည်။ ထိုအခါ ရှင်ဆန္နသည် ဘုန်းကြီးကျောင်း တစ်ကျောင်းမှတစ်ကျောင်းသို့ လှည့်လည် သွားလာပြီးလျှင် သူ့ကို ပြောဆို ဆုံးမကြပါဟာ တောင်းပန်တိုက်တွန်းနေခဲ့လေသည်။ သို့သော် အကျိုးမထူးဘဲသာ နေခဲ့၏။ အလုံးစုံ ရှင်းလင်း ပြောပြသောအခါ ရှင်အာနန္ဒာ ချက်ချင်းပင် ရှင်ဆန္နတရားမရဘဲဖြစ်ရခြင်း သည် ပဋိစ္စသမုပ္ပါဒ်တရားတော်ကို နားမလည်သောကြောင့် သူ့မှာ ဒိဋ္ဌိကမဂ်တားဖိုလ်တားခံနေကြောင်း သဘောပေါက်သွားလေသည်။ ထိုအခါ ရှင်အာနန္ဒာ က သူ့ကို စိတ်သက်သာမှုရစေသော အားပေးစကားကို ပြောဆိုပြီးနောက် ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်ကို မြတ်စွာဘုရားလက်ထက်က ကစ္စာယနအနွယ်ရဟန်းတစ်ပါးကို သင်ကြားပြသ သည့်အတိုင်း ရှင်ဆန္နအား သင်ကြားပြသပေးလေသည်။

ရှင်ဆန္နသည် ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်ကို ကောင်းစွာနားလည်သဘောပေါက်ပြီး နောက် တရားအားထုတ်သောအခါ သူသည် သက္ကာယဒိဋ္ဌိ၊ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိတို့ကို ရှင်းလင်းသုတ်သင် နိုင်လေတော့သည်။ မကြာမီပင် သူသည် သောတာပတ္တိမဂ်ဉာဏ်ဖိုလ်ဉာဏ် ကို ရရှိလေတော့သည်။

ရှင်ဆန္ဒတရားမရဘဲ အနှစ်လေးဆယ်ကျော် ကြန့်ကြာခဲ့ရခြင်းသည် ပဋိစ္စသမုပ္ပါဒ် တရားတော်ကို မသိနားမလည်မှုကြောင့် ဖြစ်ရကြောင်း ထင်ရှားလှပေသည်။

ဝိပဿနာတရားကို အားထုတ်ရန် ကြံရွယ်သော ယောဂီအနေနှင့် ပဋိစ္စသမုပ္ပါဒ် တရားတော်ကို နားလည်ရန်မရှိမဖြစ် လိုအပ်ကြောင်းကို အထူးပြောဖို့မလိုတော့ပေ။ ယောဂီ အနေနှင့် ပဋိစ္စသမုပ္ပါဒ် တရားတော်ကို နားလည်ကျွမ်းကျင် မထားသရွေ့ သူသည် ခန္ဓာတို့၏ သဘောအမှန်ကို မသိနားမလည်နိုင်ပေ။ ခန္ဓာတို့၏ ဖြစ်ခြင်းပျက်ခြင်းသဘောကို နားမလည်ဘဲ နှင့် ယောဂီသည် ဒိဋ္ဌိကို စင်ကြယ်အောင်သုတ်သင် ရှင်းလင်းနိုင်မည်မဟုတ်ပေ။ ဒိဋ္ဌိသည်ကား ခန္ဓာမှာကပ်လျက် တည်ရှိပေသည်။ ဒိဋ္ဌိခုခံနေပြန်လျှင်လည်း ဒိဋ္ဌိ၏ အသင်းအပင်းများဖြစ်သော အဝိဇ္ဇာနှင့်တဏှာသည် ပေါ်ပေါက်ပြီး လွှမ်းမိုးလာနိုင်ပေသည်။

မိစ္ဆာဒိဋ္ဌိသည်ကား အပါယ်ဘုံသို့ ကျရောက်စေတတ်သော အပါယ်မျိုးစေ့ဖြစ်၏။ တဏှာသည်ကား သုဂတိဘုံသို့ တက်ရောက်ခြင်းကို အဟန့်အတားမပြုပေ။

ဒိဋ္ဌိကသာ အဝိဇ္ဇာနှင့် တဏှာထက်ပို၍ အန္တရာယ်ကြီး၍ ကြောက်မက်ဖွယ် ကောင်းပါ သည်။ အဝိဇ္ဇာနှင့် တဏှာကြောင့် အပါယ်ဒုဂ္ဂတိဘုံသို့ မကျနိုင်ပါ။ ထိုအဝိဇ္ဇာကိုကား အရဟတ္တ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ရမှသာ အပြီးတိုင် သုတ်သင်ဖယ်ရှားနိုင်ပါသည်။ တဏှာကိုမူ သကဒါဂါမိမဂ်၊ အာဂါမိမဂ်ဉာဏ်အဆင့်တွင် ဖယ်ရှားသုတ်သင်နိုင်ပါသည်။ အပ်ဖွယ်ပဟန်းလန်း နှင့်ပင် သကဒါဂါမိမဂ်၊ အနာဂါမိမဂ်များကို ရနိုင်ရောက်နိုင်ပါသည်။ ဒါယိကာမဂိသာခါ ပုဗ္ဗာရုံကျောင်းအမကြီးသည် သောတာပန်ဖြစ်ပြီးသူဖြစ်သော်လည်း သူမ၏ ချစ်လှစွာသော မြေးငယ် ကွယ်လွန်အနိစ္စရောက်သောအခါ မျက်ရည်စိုရွှဲငိုပွဲဆင်ခဲ့သည်ဆို၏။ သို့သော် ဝိသာခါ ခံစားရသော ထိုဒေါမနဿနှင့်ဥပါယာသ တို့သည် အပါယ်သို့ ကျရောက်ကြောင်း တရားများ မဟုတ်ကြချေ။

## ပဋိစ္စသမုပ္ပါဒ်ဆိုတာ ဘာလဲ

'ပဋိစ္စသမုပ္ပါဒ်' ဆိုသည်မှာ ပါဠိစကားလုံးဖြစ်သည်။ စကားလုံး သုံးခုကို ပေါင်းစပ် ထားသည်။ ၎င်းတို့မှာ ပဋိစ္စ-အကြောင်းကြောင့်ကိုမှီလျှက် သံ-ကောင်းစွာ၊ ဥပ္ပါဒ-အကြောင်း အားလျော်စွာ အကျိုးဖြစ်ပေါ်လာရသည်။ ထို့ကြောင့် အကြောင်းကိုစွဲ၍၊ မှီ၍ အကျိုးတရား ဖြစ်ပေါ်လာရသည်ဟူလို။ ထို့ကြောင့် ဤစကားလုံးကို အင်္ဂလိပ်ဘာသာစကားဖြင့် Law of Dependent Origination ဟုလည်း ခေါ်သည်။ Cycle of Rebirth ဟုလည်း ခေါ်သည်။

ပဋိစ္စသမုပ္ပါဒ်တရားတွင် ကွင်းဆက်ဆယ့်တစ်ခုပါဝင်သည်။ ထိုကွင်းဆက်များက အဆုံးမဲ့သံသရာတွင် အဖြစ်တစ်ခုနှင့်တစ်ခု ဆက်စပ်၍ သက်ရှိသတ္တဝါတစ်ခု ပေါ်ပေါက်လာရပုံ ကိုပြသည်။

ဤတရား၏အစတွင် အဝိဇ္ဇာနှင့်စတင်ထားသော်လည်း ယောဂီ၏စိတ်တွင် အဝိဇ္ဇာသည် ပထမ အကြောင်းတရားဖြစ်သည်ဟု မမှတ်ယူအပ်ပေ။ အဘယ်ကြောင့်ဆိုသော်

သံသရာသည် အစမထင် သောကြောင့်ဖြစ်၏။ အဝိဇ္ဇာလွှမ်းခြုံထား၍ သံသရာ၌ကျင်လည်နေကြရသော သတ္တဝါတို့၏ အစသည် မထင်ရှားပေ။ ဖော်ထုတ်၍ မရနိုင်ချေ။ ပဋိစ္စသမုပ္ပါဒ်တရားတော်က အဖန်တလဲလဲ ပဋိသန္ဓေနေရခြင်း သဘောကိုသင်ကြားပေးသည်။ အကြောင်းတရား တစ်ခုသည် အကျိုးတရားတစ်ခုလည်း ဖြစ်သည်။ အကြောင်းကအကျိုး၊ အကျိုးက အကြောင်း အပြန်အလှန် ဖြစ်နေကြပုံ အကာသ ကာလသဘောနှင့် ဆက်စပ်သော စကြဝဠာလောကနှင့်ယှဉ်၍ပြသည်။

ကွင်းဆက်ဆယ်တစ်ခုမှာ အောက်ပါအတိုင်းဖြစ်သည်။

၁။ အဝိဇ္ဇာကို အကြောင်းပြု၍ (မှီ၍) သင်္ခါရဖြစ်သည်။ (အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ)

၂။ သင်္ခါရကိုအကြောင်းပြု၍ (မှီ၍) ဝိညာဏ် (ပဋိသန္ဓေဝိညာဏ)ဖြစ်ရသည်။ (သင်္ခါရ ပစ္စယ ဝိညာဏံ)

၃။ ဝိညာဏ်ကိုအကြောင်းပြု၍ (မှီ၍) နမ်ရုပ်ဖြစ်ရသည်။ (ဝိညာဏပစ္စယာ နာမရူပံ)

၄။ နာမ်ရုပ်ကိုအကြောင်းပြု၍ (မှီ၍) သဠာယတန(အာရုံခြောက်ပါး)ဖြစ်ရသည်။ (နာမရူပ ပစ္စယာ သဠာယတနံ)

၅။ သဠာယတနကိုအကြောင်းပြု၍ (မှီ၍) ဖဿ(ထိတွေ့မှု)ဖြစ်ရသည်။ (သဠာယတန ပစ္စယာ ဖဿော)

၆။ ဖဿကိုအကြောင်းပြု၍(မှီ၍)ဝေဒနာခံစားမှုပြုရသည်။ (ဖဿပစ္စယာ ဝေဒနာ)

၇။ ဝေဒနာကို အကြောင်းပြု၍ (မှီ၍) တဏှာ (တပ်မက်မှု)ဖြစ်ရသည်။ (ဝေဒနာ ပစ္စာ တဏှာ)

၈။ တဏှာကို အကြောင်းပြု၍ (မှီ၍) ဥပါဒါန် (စွဲလမ်းမှု) ဖြစ်ရသည်။ (တဏှာ ပစ္စယာ ဥပါဒါန်)

၉။ ဥပါဒါန်ကို အကြောင်းပြု၍ (မှီ၍) ကမ္မဘဝဖြစ်ရသည်။ (ဥပါဒါန ပစ္စယာ ဘဝေါ)

၁၀။ ကမ္မဘဝကို အကြောင်းပြု၍ (မှီ၍) ဇာတိ (ပဋိသန္ဓေ) ဖြစ်ရသည်။ (ဘဝပစ္စယာ ဇာတိ)

၁၁။ ဇာတိကို အကြောင်းပြု၍ ဇရာ(အိုခြင်း)၊ မရဏ (သေခြင်း)သောက (စိုးရိမ်ကြောင့်ကြခြင်း) ပရိဒေဝ (ငိုကြွေးခြင်း)၊ဒုက္ခ၊ဒေါမနဿ၊ဥပါယာသ(လွန်စွာပူပန်ခြင်း)ဖြစ်ရသည်။ (ဇာတိပစ္စယာ ဇရာ၊မရဏ၊သောက၊ပရိဒေဝ၊ဒုက္ခ၊ဒေါမနဿ၊ဥပါယာသော)

## ဥစ္ဆေဒ၊ သဿတဒိဋ္ဌိ ခွာနိုင်ပုံ

အခြားလုပ်ဆောင်ဖွယ်ကိစ္စအထူးမရှိဘဲ အားအားလပ်လပ်ရှိသည့်အချိန်တွင် ယောဂီသည် ဤပဋိစ္စ သမုပ္ပါဒ်ဒေသနာတော်ကို လေ့လာကျက်မှတ်ရာသည်။ ဤသို့ကျက်မှတ် လေ့လာခြင်းအားဖြင့် အောက်ပါအကျိုးကျေးဇူးများကို ခံစားရပေသည်။

(၁) ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်ကို အပြည့်အဝ နားလည်ခြင်းအားဖြင့် ယောဂီသည်

ခန္ဓာတို့၏ ဖြစ်ခြင်းပျက်ခြင်းအစဉ်သဘောကို ထိုးထွင်း၍ သိမြင်နားလည်လာနိုင်သည်။ ထိုသို့ ခန္ဓာတို့၏ ဖြစ်ပေါ်ပုံကို ကြောင်းကျိုးဆက်နိယာမအတိုင်း သိမြင်နားလည်သောအခါ ယောဂီသည် ပျက်သွားပြီးလျှင် ပြတ်တာပဲဆိုသော ဥစ္ဆေဒဒိဋ္ဌိအမြင်ကို ပယ်ရှင်းသုတ်သင်နိုင်သည်။ တစ်ဖန်ခန္ဓာတို့၏ ပျက်သွားသောအစဉ်ကို ကြောင်းကျိုးဆက်နိယာမသဘောအားဖြင့် သိမြင်သောအခါ ခိုင်သည်မြဲ သည်ဆိုသော သဿတဒိဋ္ဌိအမြင်ကို ပယ်ရှင်းသုတ်သင်နိုင်တော့သည်။

(၂) ပစ္စယပရိဂ္ဂဟဉာဏ်(ကြောင်းကျိုးဆက်ကို သိသောအသိဉာဏ်)ကို ကြောင်းကျိုးနိယာမသဘောအားဖြင့် ဖြစ်ပြီးပျောက်ကွယ်သွားတတ်သောခန္ဓာတို့၏ ဖြစ်စဉ်ကို သိခြင်းအားဖြင့် ရရှိနိုင်ပေသည်။

(၃) အဝိဇ္ဇာကြောင့်တဏှာနှင့်သင်္ခါရဖြစ်ရသည်ဆိုသောသဘောကို ပြည့်ပြည့်စုံစုံ နားလည်သဘောပေါက်ပြီး ထိုသင်္ခါရကြောင့် ခန္ဓာငါးပါးဖြစ်ရသည်ဆိုသည်ကို နားလည်သော ယောဂီသည် (၁)ဣဿရိယ နိမ္မာနဒိဋ္ဌိ (ဖန်ဆင်းရှင်ရှိသည်ဟု ယူဆသော အယူမှား) (၂)အကိရိယဒိဋ္ဌိ (ကုသိုလ်အကုသိုလ်ဘာပဲလုပ်လုပ် အပြစ်မရှိ အကျိုးမရှိဟုယူသောအယူမှား) နှင့် (၃)အဟေတုကဒိဋ္ဌိ (အကြောင်းလည်းမရှိ အကျိုးလည်းမရှိ အယူမှား)များကို ဖယ်ရှားနိုင်ပါသည်။

(၄)ပဋိစ္စသမုပ္ပါဒ်တရားတော်ကို မှန်ကန်စွာသိနားလည်ခြင်းအားဖြင့် ယောဂီသည် ခန္ဓာငါးပါးသည် စင်စစ်အားဖြင့် ရုပ်နာမ်တို့၏ ဖြစ်ပြီးပျက်သွားသောဖြစ်စဉ်ပါတကားဟု သဘောပေါက်နိုင်သည်။ ရုပ်နာမ်ခန္ဓာတို့မှာ ရုပ်၊ဝေဒနာ၊သညာ၊သင်္ခါရ၊ဝိညာဏ်တို့ဖြစ်ပါသည်။ နောက်ဆုံးတွင် ယောဂီ၏စိတ်ထဲတွင် ခန္ဓာငါးပါးကားတခြားမဟုတ်၊ ဒုက္ခသစ္စာကြီးပါတကားဟာ သိလာရတော့၏။

<u>ယောဂီသည် အထက်ပါအချက်လေးချက်ကို တဒင်္ဂပဟာန်(ခေတ္တခဏ)မျှကောင်းစွာ သိမြင်နားလည်လိုက်ပြီဆိုလျှင်ပင် သူသည် နောက်ဘဝတွင် အပါယ်ဒုဂ္ဂတိဘုံသို့ ကျရောက်ခြင်းမှ ကင်းလွတ်ရပေတော့သည်။</u>

တရားအားထုတ်တော့မည့် ယောဂီအနေနှင့် ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်ကို အပြည့်အဝ နားလည်သဘောပေါက်အောင် အားထုတ်ပါဟု တိုက်တွန်းရပေမည်။ တရားအားမထုတ်မီ ပဋိစ္စ[illegible]ကရားကို နားလည်ခြင်းအားဖြင့် ဒိဋ္ဌိကိုခွာနိုင်သည်။ ခွာပြီးဖြစ်မှသာ မိမိကို၏ သဒ္ဓါ ပညာ၊ ဝီရိယအားလျော်စွာ မဂ်ဉာဏ် ဖိုလ်ဉာဏ်အဆင့်ဆင့်ကို တက်လှမ်းနိုင်ကြပါလိမ့်မည်။

မေ့မိတ်ဆွေအပေါင်းတို့ ရေးသားချက်များကို နိဂုံးချုပ်ရလျှင် ဝိပဿနာကမ္မဋ္ဌာန်းကို ကျင့်ကြံအားထုတ်ကြပါ၊ သောတပန်ဖြစ်ရန်နည်းကိုလဲပေးခဲ့ပါပြီ၊ အကြောင်းအမျိုးမျိုးကြောင့် သောတပန်မဖြစ်နိုင်တော့ဘူးဆိုလျှင်တော့ စူဠသောတပန်ဖြစ်စေရန် အသိကိုပေးခဲ့ပါပြီ၊ ဗုဒ္ဓဘာသာဝင်တိုင်း ဘုရားရှိခိုးလျှင်နိဗ္ဗာန်မဂ်ဖိုလ်ကို ရက်တိုတိုနှင့်ရောက်ရပါလို၏လို့ ဆုတောင်းကြတယ်၊ လူတိုင်းဆုတောင်းပေမဲ့ လူတိုင်းနိဗ္ဗာန်ရောက်အောင် ဝိပဿနာတရားကိုတော့

အားမထုတ်ကြပါဘူး၊ ကျနော်ပုံပြင်လေးတခုကြားဘူးပါတယ်-

## ဟင့်အင် - ဟင့်အင်

ရွာတစ်ရွာမှာ ဥစ္စာပစ္စည်းပေါကြွယ်ဝတဲ့ ကိုချက်ကြီးဆိုတဲ့ လူပျိုကြီးတစ်ဦးရှိတယ်၊ သူက အရုပ်ဆိုးအကျည်းတန်ပြီး အသားအရောင်ကလည်း မဲနက်နေတော့ အိမ်ထောင်ဘက် မရဘူး ဖြစ်နေတယ်။ အဲဒီတော့ သူ့မိဘတွေက ကိုချက်ကြီးကိုယူတဲ့လူဆိုရင် "ရွှေဆွဲကြိုး-ဖြေကျပ်သားနဲ့ လယ်ယာတွေ၊ ကျွဲနွားတွေလက်ဖွဲ့ပစ္စည်းအဖြစ် ထည့်ပေးမယ်" ဆိုတဲ့ သတင်းလွှင့်ပေးလိုက်တယ်၊ အဲဒီသတင်းကြားတော့ ရွာကမရွှေချောတို့ ညနေခင်း ရေခပ်ဆင်းရင်းပြောကြတာကတော့-

"ရွှေဆွဲကြိုးကိုကော့ လိုချင်လိုချင် ကိုချက်ကြီးကိုတော့ "ဟင့်အင် - ဟင့်အင်" တဲ့။

မမွှမိပဏ်ဆွေတို့လည်း နိဗ္ဗာန်တော့ လိုချင်လိုချင် သတိပဋ္ဌာန်တော "ဟင့်အင်-ဟင့်အင်" တော့ မလုပ်ပါနဲ့လို့ မေတ္တာရှေ့ထားလျှက် တောင်းပန်လိုက်ပါတယ်။

> နာမရူပပရိစ္ဆေဒဉာဏ်၊ ပစ္စယပရိဂ္ဂဟဉာဏ်၊ ခန္ဓာပဋိစ္စသမုပ္ပါဒ်၊ သက္ကာယဒိဋ္ဌိ၊ သဿတဒိဋ္ဌိ ဥစ္ဆေဒ ဒိဋ္ဌိ ကို ဉာတပရိညာဖြင့် သိနိုင်အောင် ကြိုးစားပါ။

> ဝိပဿနာအားထုတ်လျှင် ဖြစ်ပျက်ကို မြင်နိုင်ပါစေ (ဉာဏ်ဖြင့်)

> စူဠသောတာပန်ဖြစ်အောင် ကြိုးစားအားထုတ်ကြပါ

**အားထုတ်စဉ် မှတ်သားဖွယ်ရာများ**

### နာကျင်လာတဲ့အခါ ဘယ်လိုရှုမှတ်ရမလဲ။

တရားထိုင်ရင် နာကျင်ကိုက်ခဲမှုတွေပေါ်လာရင် ရှုနည်းနှစ်နည်းရှိတယ်-

(၁) ဘာဝနာကိုမထိခိုက်စေဘဲ သည်းခံနိုင်ရန် အဲဒီနာကျင်ကိုက်ခဲမှုကို တိုက်ရိုက်ရှုပါ- နာတယ်ဆိုတာဘာလဲ၊ နာမှုသဘောကိုမြင်အောင်ကြည့်ပါ။ နာကျင်မှုကြောင့် ခန္ဓာမှာ ပြောင်းလဲချက်တွေကို လေ့လာကြည့်ပါ။ ဘာကြောင့်ဖြစ်သလဲ၊ တိုးလာရင် ဘယ်လို၊ လျှော့သွားရင်ဘယ်လို ဒီသဘောတွေကို မြင်အောင် ရှုနိုင်ပါတယ်။

ကျမ်းဂန်တွေမှာ နာကျင်ကိုက်ခဲမှုဆိုတဲ့ ရုပ်သဘာဝဖောက်ပြန်ပုံကို ရှုတဲ့အခါ၊ လူစိမ်းတစ်ယောက်လို သဘောထားပြီး ကြည့်ပါလို့ ညွှန်တယ် (နာတာ ငါမဟုတ် - ရုပ်ဖောက်ပြန်တာဘဲ) ကိုယ်နဲ့မသက်ဆိုင်သလို သဘောထားဖို့ပြောတာ (ဆွေမျိုးမတော်စပ်တဲ့လူစိမ်း လူမမာကို

ဆရာဝန်က စစ်ဆေးနေတဲ့သဘောမျိုးနဲ့ နာကျင်မှုရဲ့ ဖြစ်ပုံပျက်ပုံအကြောင်း အကျိုးကို သိမြင်အောင် ကြည့်ရမှာဖြစ်ပါတယ်။)

(၂) ဒုတိယနည်းကတော့ ခွာရှုတဲ့နည်းပါပဲ၊ နာကျင်ကိုက်ခဲမှုဒါဏ်ကို မခံသာဘူးဆိုရင် အဲဒီနာကျင်မှုကို နှလုံးမသွင်းဘဲ ကိုယ်ရှုနေတဲ့အာရုံကိုပဲ ရှုမှတ်နေရတယ်-နှလုံးမသွင်းဘဲ နေတာကို ခွာရှုတယ်လို့ ခေါ်ပါတယ်။

အဲဒီလိုခွာရှုလို့မှ မခံသာအောင်ဖြစ်လာပြီး ဘာဝနာအလုပ်ကို အနှောင့်အယှက် ဖြစ်လာရင်တော့ နေရာကို သတိလေးနဲ့ပြင်လိုက်ပါ။

တချို့ကပြောတယ် ဝိပဿနာယောဂီတွေနယ်မှာ နေရာပြင်ရင် သမာဓိမရနိုင်ဘူးလို့ ပြောတာရှိတတ်ပါတယ်။ (မုန့်လေပွေကင်သလိုတော့ မလုပ်နဲ့ပေါ့) ဝိပဿနာယောဂီဟာ သတိပလွတ်အောင် နေရာပြင်လို့ရပါတယ်။ အဓိကအချက်က ကိလေသာဖြစ်မဖြစ်သာကြည့်ပြီး ဆုံးဖြတ်ရပါတယ်။

အဘိဓမ္မာ ဝိဘင်းအဋ္ဌကထာ၊ မူလပဏ္ဏာသဋ္ဌကထာအစရှိသော အဋ္ဌကထာများက တညီတညွတ်တည်း မိန့်ဆိုထားတာကတော့ ခြေလက်တို့ကို ကြာမြင့်စွာ ကွေးထားလျှင် သော်လည်း ကောင်း၊ ဆန့်ထားလျှင် သော်လည်းကောင်း၊ တစ်ချိန်ထက်တစ်ချိန် ဒုက္ခဝေဒနာ တွေဖြစ်လာမယ်။ တည်ကြည်မှုသမာဓိကို မရနိုင်၊ မူလကမ္မဋ္ဌာန်းမှလျှောကျမယ်၊ တရားထူးကို မရနိုင်လို့ နေရာမပြင်ရင် ဖြစ်လာမဲ့အပြစ်လေးချက်ပြထားတယ်။ နေရာမပြင်ဘဲထားရင် ဒေါမနဿဖြစ်ပြီး အတ္တကိလမထာ နုယောဂအစွန်းကို ရောက်သွားမှာသော့ချာတယ်။

(ယောဂီတချို့ဟာ တရားထိုင်ရင်း ဇက်ကျိုးပြီး အိပ်ပျော်သွားတာတွေဟာ ဟောက်နေတာတွေ ခဏခဏတွေ့ရတယ်၊ ထိုင်လို့အိပ်ငိုက်ရင် စင်္ကြန်လျှောက်ပေ့ါ။ (စင်္ကြန်ဟာ အလွန်အကျိုးကြီးပါတယ်) ဒါကြောင့် ဆရာတော်တစ်ပါးက တရားပွဲမှာ တရားစခန်း ကြိမ်ဖန် များစွာ ဝင်ဖူးတဲ့လူနဲ့ တစ်ကြိမ်တစ်လေဝင်ဖူးတဲ့ ယောဂီဘာကွာခြားသလဲလို့မေးတော့ တချို့က အကြိမ်များတဲ့လူကတရားပိုရတာပေ့ါလို့ လျှောက်ထားရာ ဆရာတော်က တရားပိုရမရတော့ မသိဘူး၊ အကြိမ်များစွာ တရားစခန်းဝင်ဘူးတဲ့လူက ထိုင်ရက်အိပ်တတ်တယ်တဲ့။ ဒါကြောင့် အထူးသဖြင့် ညနေဘက်တရားစခန်းများတွင် တရားစခန်းဝင်ဘူးတဲ့လူက ထိုင်ရက်အိပ်တတ် တယ်တဲ့။ ဒါကြောင့် အထူးသဖြင့် ညနေဘက် တရားစခန်းများတွင် အချိန်ပိုင်းအားထုတ်သူများ (၁နာရီ ၂နာရီ) သည် နေ့လည်က အလုပ်ပင်ပန်း မှုကြောင့် ထိုင်လျှက်အိပ်ပျော်တတ်ရာ (အိပ်ငိုက်လျှင်) စင်္ကြန်ပြောင်းပြီး အားထုတ်ပါလို့ စေတနာနဲ့ တိုက်တွန်းအပ်ပါသည်။)

## သီလမစင်ကြယ်သူ တရားအားထုတ်၍ ရ မရ

ဝိပဿနာလုပ်ငန်းဟာ မဂ္ဂင်ရှစ်ပါး အကျင့်တရားဖြစ်တဲ့အတွက် သီလမဂ္ဂင်မပါ လို့ကတော့ ဝိပဿနာ မဖြစ်ပါဘူး၊ ဒါပေမဲ့ ကြိုတင်သီလမစင်ကြယ်ခဲ့ရင် ဝိပဿနာမလုပ် ကောင်းဘူး၊ ဝိပဿနာ လုပ်လို့မရဘူးဆိုတဲ့ စကားကတော့ ဘာဝနာမလုပ်ဖြစ်အောင်

တားမြစ်တဲ့ သဘောမျိုးဖြစ်နေတယ်၊ ဘာဝနာလုပ်မဲ့ ပုဂ္ဂိုလ်ကိုလည်း ရှုတ်ချရာရောက်ပါတယ်။

ဒီအချက်နဲ့ပါတ်သက်ပြီးတော့ ဗောဓိပက္ခိယဒီပနီမှာ လယ်တီဆရာတော်ဘုရားကြီးက အောက်ပါအတိုင်း လမ်းညွှန်ထားပါတယ်။ သီလ၊ သမာဓိ၊ ပညာကိုလည်းကောင်း၊ အားထုတ်သူကိုလည်းကောင်း ရှုတ်ချလျှင် ဓမ္မန္တရာယ်ငြိတတ်သည်။ ဓမ္မန္တရာယ်ငြိခဲ့လျှင် နောက်နောင်ဘဝတို့၌ သီလ၊ သိက္ခာ၊ အလိမ္မာ ကင်းရှင်း၍ ယုတ်ညံ့ခြင်းအတိ ဖြစ်တတ်သည်၊ သတိပြုကြပါ။

ကြိုတင်သီလစင်ကြယ်ဖို့ လိုအပ်မလိုအပ်ဆိုတာနဲ့ ပါတ်သက်လို့ကတော့ လူယောဂီနှင့် ရဟန်း ယောဂီ မတူပါဘူး၊ ရဟန်းတော်များမှာ ဘုရားရှင်ပညတ်ထားတဲ့ သိက္ခာပုဒ်တွေ ရှိနေပါတယ်။ သိက္ခာပုဒ် တော်တခုခုကို ဖောက်ဖျက်ကျူးလွန်မိရင် ဘုရားရှင်ရဲ့အာဏာတော်ကို ဖီလာဆန့်ကျင်ရာရောက်တဲ့အတွက် အာဏာဝီတိက္ကမအန္တရာယ်ဖြစ်ပါတယ်။ ဒီအန္တရာယ်က မဂ်တားဖိုလ်တားနိုင်တဲ့ အစွမ်းသတ္တိရှိပါတယ်။ သုဂတိ ဘဝကိုလည်း မရောက်အောင် ပဂ်ဉာဏ်ဖိုလ်ဉာဏ်ကိုလည်း မရအောင် တားမြစ်ပါတယ်။ ဒါကြောင့် ရဟန်းတော်များဟာ အားမထုတ်ခင်မှာ သီလစင်ကြယ်ဖို့ အထူးလိုအပ်ပါတယ်၊ အပြစ်အာပတ်တို့ကို ကုစားနိုင်တဲ့ နည်းနဲ့ ကုစားပြစ်ရပါတယ်။ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ဆိုတဲ့ ပစ္စည်းလေးပါးကို မစင်ကြယ်ပဲ့နည်းနဲ့ ရယူခဲ့ရင်လည်း စွန့်ပစ်ရပါတယ်။

လူယောဂီများအတွက်ကတော့ ဂရုကံကြီးများကသာလျှင် မဂ်တားဖိုလ်တား အန္တရာယ်ရှိပါတယ်။ ဂရုကံကြီးများ ပရှိခဲ့ရင်တော့ ကြိုတင်သီလမဆောက်တည်ဖူးသည်ဖြစ်စေ၊ မစင်ကြယ်ခဲ့သည်ဖြစ်စေ မဂ်တားဖိုလ်တား အန္တရာယ်မဖြစ်ပါဘူး၊ တရားအားထုတ်မဲ့အချိန်မှာ ခံယူဆောက်တည်ရင် သီလကည် ပါတယ်။ ဒါကြောင့် အသက်မွေးမှုလုပ်ငန်းတွေကိုစွန့်ဖို့ မလိုပါဘူး၊ မြတ်စွာဘုရားက သတ္တဝါတွေကို ကယ်ချွတ်ရာမှာ သီလရှိ မရှိဆိုတာကို မကြည့်ပါဘူး ဣန္ဒြေကိုကြည့်ပြီး ကယ်ချွတ်တော်မူပါတယ်။ သုတ္တန်ဒေသနာမှာ သာဓကဝတ္ထုတွေအများကြီး ရှိပါတယ်။

ဘာဝနာလုပ်တော့မယ်ဆိုရင် အရင်က သီလမဆောက်တည်ဘူးတာတွေ၊ ကျူးလွန်ခဲ့ဖူးတာတွေ ဘာမှမစဉ်းစားပါနဲ့၊ လူ့သီလဟာ ယခုဆောက်တည်ရင် အခုရပါတယ် သီလဆောက်တည်တယ်ဆိုတာ အတိတ်အတွက် မဆောက်တည်ပါဘူး ပစ္စုပ္ပန်အတွက် ဆောက်တည်တာ၊ အနာဂတ်အတွက် ဆောက်တည်တာ၊ အနာဂတ်ကို ခဏထား ပစ္စုပ္ပန်တရားအားထုတ်ဆဲမှာ ခံယူထားတဲ့သီလဟာ ကျိုးပေါက်စရာအကြောင်းမရှိဘူး၊ ကျိုးပေါက်မှုမရှိတဲ့အတွက် တရားအားထုတ်ဆဲ၊ ထိုင်ဆဲမှာ မိမိသီလစင်ကြယ်နေတယ်လို့ ရဲရဲကြီး ယုံကြည်လိုက်ပါ။ ကိုယ့်သီလအပေါ် ကိုယ်သံသယဖြစ်ဖြစ်နေတဲ့ စိတ်မျိုးဘယ်တော့မှ မထားပါနဲ့ (ဝက်သတ်တဲ့လူ ကြက်သတ်တဲ့လူ၊ မကောင်းမှုအသက်မွေးသူတွေ တရားအားထုတ်ရင် မကဲ့ရဲ့ပါနဲ့၊ မရှုတ်ချပါနဲ့၊ ဓမ္မန္တရာယ်ဖြစ်တတ်ပါတယ်။ အားထုတ်ဆဲမှာ သီလရှိရင် တရားရနိုင်ပါတယ်)။

## သဿတဒိဋ္ဌိရှိသူ၏ စိတ်နေစိတ်ထား သဘောထားများ

၁။ ကုသိုလ်ကံလုပ်ရင် ကုသိုလ်အကျိုးပေး၊ အကုသိုလ်လုပ်ရင် အကုသိုလ်အကျိုးပေးသည် ဆိုသည့် (ကံနှင့်ကံ၏ အကျိုးပေးကို ယုံကြည်လက်ခံသည်)။

၂။ ကံနှင့်ကံ၏အကျိုးပေးကို ယုံကြည်လက်ခံထားသည့်အလျောက် ကုသိုလ် (ဒါန၊သီလ၊ သမထ) တို့ကို အစဉ်မပြတ် လုပ်လေ့လုပ်ထရှိပါတယ်၊ ဘာကြောင့်လုပ်သလဲဆိုတော့ နောက်ဘဝ ကောင်းစားရေး၊ ဘဝကူးကောင်းအောင် လုပ်ရတယ်လို့ သဿတဒိဋ္ဌိ သမားက အဖြေပေးပါလိမ့်မယ်။ သဿတဒိဋ္ဌိ သမားမှာ အထူးသဖြင့် ဝဋ်ထဲပျော်၊ ဘုံစဉ်စံချင်တဲ့ (ဘဝတဏှာ) ရှိပါတယ်၊ ဘဝချုပ်ရင် မကြိုက်ဘူး၊ ဘဝပြတ်နိဗ္ဗာန် ရောက်ကြောင်း ဟောရင်မကြိုက်ဘူး သဿတဒိဋ္ဌိသမားက ဆုတောင်းပုံက ဒီသား၊ ဒီသမီး၊ ဒီဆွေမျိုး ဘဝဆက်တိုင်း ဆင်ဖြစ်ရင် တကျွန်းတည်း၊ ငှက်ဖြစ်ရင် တစ်ကိုင်းတည်း နေရပါစေလို့ ဆုတောင်းတယ်။

နောက် ဆုတောင်းပုံက ငါးလွှတ်ပွဲမှာ (ရေနည်းလို့ ဒုက္ခရောက်နေတာ ရေများတဲ့နေရာ၊ ဒုက္ခငြိမ်းအောင်ပေးတာ) ငြိမ်းအေးတဲ့ နိဗ္ဗာန်ကို ရည်ရွယ်ပြီး ငါးတွေလွှတ်ရမဲ့အစား "နင့်အသက်တစ်ခါလွှတ်-ငါ့အသက်ဆယ်ခါလွှတ်၊တချို့က ဘဝဆက်တိုင်း ဆက်တိုင်း လွှတ်" တဲ့ ဒီလိုဆုတောင်း တာဟာ ဘဝထဲမှာ ပုန်းခိုနေချင်တဲ့ သဘောရှိနေတယ်။

၃။ သဿတဒိဋ္ဌိသမားက ခန္ဓာကိုယ်ကြီးတော်တော်နဲ့မပျက်စီးနိုင် ပိုင်တယ် အစိုးရတယ်လို့ ယုံကြည်တော့ သာရေးနာရေးဖိတ်ကြားရင် ဖိတ်ကြားသူကို "မလာမရှိ ဆက်ဆက်လာ မယ်"တဲ့ နိစ္စမြဲတယ် တော်တော်နဲ့မသေသေးဘူးဟု ယူဆချက်ရှိတယ်။ သဿတဒိဋ္ဌိကို အသိနဲ့ အပွားနဲ့ဖြုတ်ထားတဲ့ ပုဂ္ဂိုလ်ကို ဖိတ်ကြားရင် သူ့ခန္ဓာကြီး တစ်ထိုင် တစ်ကြွတောင် စိတ်မချရတာကို ဝိပဿနာဉာဏ်တွေနဲ့ မြင်နေလို့ (နောက်ဘဝနှင့် မနက်ဖန်ဘယ်သူက နီးသလဲဆိုတော့ နောက်ဘဝက နီးတယ်လို့ သဘောပေါက်ထားတယ်) "အကြောင်းညီညွတ် ရင် လာနိုင်ကောင်းပါရဲ့လို့ ပြန်ပြောပါလိမ့်မယ်"

ဒါကြောင့် သက္ကာယဒိဋ္ဌိပြုတ်ရင် မဂ်ဉာဏ်ရမှာပါ။ သဿတဒိဋ္ဌိယူထားတဲ့လူဟာ အင်မတန်မှ ညင်သာနူးညံ့တဲ့အတွက် ချွတ်ရခက်ပါတယ်။ ဥစ္ဆေဒဒိဋ္ဌိသမားဟာ အင်မတန် ဆိုးပေမဲ့ ကျွတ်သွားရင် တစ်ချက်ဘဲ၊ နိဗ္ဗာန်နဲ့ပိုနီးပါတယ်။

## ဥစ္ဆေဒဒိဋ္ဌိ ရှိသူရဲ့ စိတ်နေ စိတ်ထား သဘောထား

၁။ ကံနှင့်ကံ၏အကျိုးပေးပုံကို မယုံကြည်၊ မသိလဲမသိပါ(ကောင်းမှုကုသိုလ်ကံရဲ့ ကောင်းကျိုး ချမ်းသာ မကောင်းမှု အကုသိုလ်ရဲ့ ဆင်းရဲဒုက္ခရရှိနိုင်ပုံကို မယုံကြည်၊ နားမလည်၊ လက်မခံခြင်း)။

၂။ ကံနှင့်ကံတို့၏အကျိုးပေးပုံကို မယုံကြည်သဖြင့် ၊ ကုသိုလ်ကောင်းမှုကို မပြုလုပ်ဘဲ အကုသိုလ် မကောင်းမှုကိုတော့ ရဲရဲတင်းတင်း ပြုလုပ်လေ့ရှိပါသည်။

၃။ ယခုလက်ရှိဘဝသာရှိပြီး၊ အခြားဘဝမှ ယခုဘဝဖြစ်လာတာကိုလဲ မယုံကြည် လက်မခံ ယခုဘဝ သေပြီးနောက် ဘဝတပါးသို့ သွားရောက်ဖြစ်ရပုံ (ပဋိသန္ဓေ) ကို မယုံကြည် လက်မခံပါ။

၄။ နောက်ထပ်ဘဝမရှိတော့ဘူးလို့ အပြတ်ယူလိုက်တဲ့အတွက် ဘဝအပေါ် နှစ်သက်သာယာ ခုံမင် ဖြစ်ချင်မှုလည်းမရှိတတ်ပါ။

၅။ အများအားဖြင့် အကုသိုလ်တွေချည်းသာပြုလေ့ရှိတဲ့အတွက် ဥစ္ဆေဒဒိဋ္ဌိက သဿတဒိဋ္ဌိ နဲ့စာရင် အပြစ်ပိုပြီး ကြီးလေးပါတယ်။

၆။ တရားဟောပြလို့ ဘဝတပါးတို့ (၃၁)ဘုံတို့ကို ယုံကြည်လာလျှင် အယူအဆတွေကို လျှင်မြန်စွာ စွန့်လွှတ်လိုက်ရင် နိဗ္ဗာန်နဲ့နီးသောအကြောင်းဖြစ်စေပါတယ်။

မှတ်ချက်။ ။ ဥစ္ဆေဒဒိဋ္ဌိယူတဲ့ သူတွေဟာ ချောက်နှုတ်ခမ်းပေါ် ကြိုးတန်းလျှောက် နေတာနဲ့တူနေပါတယ်။ ဥစ္ဆေဒဒိဋ္ဌိအယူကိုစွန့်ရင် နိဗ္ဗာန်နဲ့နီးတယ်၊ မစွန့်ရင် အပါယ်လေးပါး ကျဖို့များတယ်၊ ဥစ္ဆေဒဒိဋ္ဌိပြုတ်ချင်ရင် "အပြစ်" ကိုမြင်အောင် ကြည့်ပေးပါ။

## ပရိညာ (၃)ပါး

ဝိပဿနာအလုပ်ကို အားထုတ်သောအခါ အဆင့်(၃)ဖြင့် အားထုတ်ရမည်ဟု မိုးကုတ်ဆရာတော် ဘုရားကြီးက လမ်းညွှန်ခဲ့သည်။ ထိုအဆင့် (၃)ဆင့်ကို ပရိညာ (၃)ပါးဟု ခေါ်သည်။

၁။ ဉာတပရိညာ = သိသင့်သိထိုက်သော ရုပ်နာမ်ဓမ္မတို့အပေါ် ပိုင်းခြား၍သိခြင်း။ (ရုပ်-ပထဝီ၊တေဇော၊အာပေါ၊ဝါယော)

၂။ တီရဏပရိညာ = လက်တွေ့ကျင့်ကြံအားထုတ်ခြင်းဖြင့် ပိုင်းခြားသိမြင်ခြင်း။

၃။ ပဟာနပရိညာ = မဂ်လေးတန်ဖြင့် ဆိုင်ရာကိလေသာတို့ကို ပယ်သတ်ခြင်းဖြင့် ပိုင်းခြား၍ သိခြင်း။

## ပရိညာ(၃)ပါး၏နယ်ပယ်

၁။ ရုပ်နာမ်ဓမ္မသင်္ခါရတို့ကိုပိုင်းခြားသော (နာမရူပပရိစ္ဆေဒ)ဉာဏ်မှစ၍ (ပစ္စယပရိဂ္ဂဟာ) ဉာဏ်တိုင်အောင် အတွင်းသည် ဉာတပရိညာ၏ နယ်ပယ်ဖြစ်သည် (အသိဖြင့်)

၂။ သမ္မသနဉာဏ်မှစ၍ ဥဒယဗ္ဗယဉာဏ်တိုင်အောင် အတွင်းသည် တီရဏပရိညာ၏ နယ်ပယ်ဖြစ်သည်။ (အားထုတ်ခြင်းဖြင့်)

၃။ ဘင်ဉာဏ်မှစ၍ အထက်ကား ပဟာနပရိညာနယ်ပယ်ဖြစ်သည်။

## လက္ခဏာရေး(၃)ပါး

၁။ အနိစ္စလက္ခဏာ = မတည်မြဲခြင်းအမှတ်အသား။

ရုပ်နာမ်တို့သည် ခဏမစဲဖြစ်ပြီး ပျက်နေကြ၏။ ထို့ကြောင့် အနိစ္စလက္ခဏာရှိ၏။

၂။ ဒုက္ခလက္ခဏာ = ဆင်းရဲခြင်းအမှတ်အသား။

ရုပ်နာမ်တို့သည် ဖြစ်ပြီးပျက်ပျက်သွားကြသည့်အတွက်၊ ဆင်းရဲခြင်း သဘောဆောင်၏။ ပျက်ပျက်သွားသည့်ဒဏ်ချက်ဖြင့် ခဏမစဲနှိပ်စက် နေခြင်းသည် ဆင်းရဲအမှန်ဖြစ်၏။

၃။ အနတ္တလက္ခဏာ = အစိုးမရခြင်း၊ အနှစ်သာရမရှိခြင်း။

အတ္တဟူသော ငါ၊လိပ်ပြာ၊ အသက်ကောင်မရှိခြင်း အမှတ်အသား၊ ဤခန္ဓာ အစု၌ ရုပ်နာမ်နှစ်ပါးသာရှိ၏။ ရုပ်နာမ်တို့သည် သဘာဝအတိုင်းဖြစ်ပြီး ပျက်နေကြရာ မပျက်ပါနှင့်ဟု တားဆီး၍မရ၊ ထို့ကြောင့် အစိုးမရ မိမိအလို သို့မလိုက်ပါ၊ ဖြစ်ပြီး အကုန်ပျက်သွားသည့်အတွက် တည်မြဲသော အနှစ်သာရဟူ၍မရှိချေ။

## သစ္စာလေးပါးမြတ်တရား

၁။ ဒုက္ခသစ္စာ - ဆင်းရဲခြင်းအမှတ်တရား။

ရုပ်နာမ်နှစ်ပါးသည် ခဏမစဲဖြစ်ပျက်နေသည့်အတွက် ဆင်းရဲအမှန်ဖြစ်၏။

၂။ သမုဒယသစ္စာ - ဆင်းရဲဖြစ်ကြောင်းအမှန်တရား။

တဏှာလောဘသည် ဆင်းရဲခြင်း၏အကြောင်းရင်း အမှန်ဖြစ်၏။

၃။ နိရောဓသစ္စာ - ဆင်းရဲချုပ်ငြိမ်းရာအမှန်တရား။

နိဗ္ဗာန်သည်ဆင်းရဲချုပ်ငြိမ်းရာအမှန်ဖြစ်၏။

၄။ မဂ္ဂသစ္စာ - နိဗ္ဗာန်သို့ရောက်ကြောင်း အကျင့်လမ်းကောင်းအမှန်တရား။

## သူတော်ကောင်းတရား (၇)ပါး

၁။ သဒ္ဓါ - ဘုရား တရား သံဃာ၊ ကံ-ကံအကျိုးကို ယုံကြည်ခြင်း

၂။ သတိ - ကုသိုလ်ရေး၌ မမေ့မလျော့အမှတ်ရခြင်း

၃။ ဝီရိယ - ကုသိုလ်ရေး၌ အားထုတ်မှုလုံ့လရှိခြင်း

၄။ သုတ - အကြားအမြင်များခြင်း

၅။ ပညာ - ရုပ်နာမ်အသိပညာနှင့် မဂ်ဉာဏ်ဖိုလ်ဉာဏ်

၆။ ဟိရီ - မကောင်းမှုပြုလုပ်ရန် ရှက်မုန်းခြင်း

၇။ ဩတ္တပ္ပ - မကောင်းမှုပြုလုပ်ရန် ကြောက်လန့်ခြင်း

## ပုညကြိယဝတ္ထု(၁၀)ပါး

ကောင်းသောအကျိုး၏တည်ရာဖြစ်၍ ပြုသင့်ပြုထိုက်သော ကောင်းမှုတို့ကို ပုညကြိယာဝတ္ထုဟု ခေါ်သည်။

၁။ ဒါန = စွန့်ကြဲပေးကမ်းခြင်း
၂။ သီလ = သီလစောင့်ထိန်းခြင်း
၃။ ဘာဝနာ = သမထဘာဝနာ ဝိပဿနာ စီးဖြန်းခြင်း
၄။ အပစာယန = အသက် သိက္ခာ ဂုဏ်ကြီးမြင့်သော သူတို့အား ရိုသေခြင်း
၅။ ဝေယျာဝစ္စ = ရတနာသုံးပါး၊ မိဘဆရာတို့၏ အမှုကိစ္စများနှင့် ကုသိုလ်ရေးကိစ္စများ၌ ပါဝင်ဆောင်ရွက်ခြင်း
၆။ ပတ္တိဒါန = မိမိပြုသော ကုသိုလ်အဖို့ကို အမျှပေးဝေခြင်း
၇။ ပတ္တာနုမောဒနာ = သူတပါးပေးဝေသော ကုသိုလ်အဖို့ကို ဝမ်းမြောက်စွာ သာဓုခေါ်ခြင်း
၈။ ဓမ္မသာဝန = သူတော်ကောင်းတရားနာကြားခြင်း
၉။ ဓမ္မဒေသနာ = သူတော်ကောင်းတရားကို ဟောပြောသင်ပြခြင်း
၁၀။ ဒိဋ္ဌိဇုကမ္မ = အယူကိုဖြောင့်မှန်စွာယူခြင်း

## ကာယနုပဿနာရှုရန်

### မဟာဘုတ်ဓာတ်ကြီးလေးပါး

ပထဝီဓာတ်(၂၀)ပါး = ဆံပင်မွေးညင်း၊ ခြေသည်းလက်သည်း၊ သွား၊ အရေ၊ အသား --
အာပေါဓာတ်(၁၂)ပါး = သည်းခြေ၊ သလိပ်၊ ပြည်၊ ချွေး၊ မျက်ရည်၊ တံတွေး ----------
တေဇောဓာတ်(၄)ပါး = ပကတိအပူငွေ့၊ အဖျားရှိန်အပူငွေ့၊ ဝမ်းမီးအပူ၊ အလွန်အမင်းအပူငွေ့
ဝါယောဓာတ်(၆)ပါး = အထက်ဆန်လေ၊ အောက်ဖက်စုန်လေ၊ ဝင်သက်ထွက်သက် ---

(၁)ပထဝီဓာတ် -ပထဝီဓာတ်သည် ခက်မာမှု၊ နူးညံ့မှု၊ တောင့်တင်းမှု၊ ညောင်းမှု၊ ကိုက်ခဲမှု၊ နုန်းမှုသဘောရှိပြီး၊ ခန္ဓာကိုယ်၌ ပထဝီဓာတ်နှိပ်စက်သော ထင်းချောင်းသဏ္ဍာန် ခက်ထန်ဟောင့်ဟင်း၍၊ သေသည်အထိ ဖြစ်နိုင်သည်။

(၂)အာပေါဓာတ် -အာပေါဓာတ်သည် ဒွါရအမျိုးမျိုး၌ ယိုစည်းမှုသဘောရှိ၏။ ဆီးသွား၊ ဝမ်းလျှော၊ ချွေးထွက်၊ ဖောယောင်၊ ကြပ်တတ်တတ်ဖြစ်၊ ဒွါရထိုထို၊ အရည်ယိုလျှက်၊ စိုစိုရွှဲရွှဲ၊ ညှီဟောင်နံစော်၊ အပုပ်ပျော်၍ သေသည်အထိ အာပေါဓာတ်နှိပ်စက်ပါမည်။

(၃)တေဇောဓာတ်-တေဇောဓာတ်သည် ပူမှု-အေးမှု သဘောဖြစ်၍ ရုပ်ခန္ဓာကို စမ်းသပ်ကြည့်လျှင် ပူမှု-အေးမှုသာတွေ့ရသည်။ အမြဲအိုအောင်-နာအောင် နှိပ်စက်နေတဲ့အတွက်၊ ဒုက္ခသစ္စာ။

(၄)ဝါယောဓာတ် -တွန်းကန်လှုပ်ရှား၊ထောက်ကန်လှုပ်ရှားနေသည့်သဘောဖြစ်သည်။
ဝါယောဓာတ်သည် ကိုယ်တခြမ်းသေအောင်၊ တစ်ကိုယ်လုံးသေအောင်၊ လေငန်း၊ လေသင်တုန်း အထက်လှန်အောက်လျှောတို့သည် ဝါယောဓာတ်၏ နှိပ်စက်မှုများ ဖြစ်သည်။

ရုပ်ဓာတ်(၈)ပါးအနက် ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာဓာတ်စသည့် ရုပ်သေး-ရုပ်ဖွဲ့လေးပါးကို ချန်လှပ်ထား သည်။ မဟာဘုတ်ကြီးလေးပါးနှင့်သာ ဝိပဿနာကိစ္စပြီးနိုင်သည်။

## ပီတိ (၅)မျိုး

ပီတိ - ဖြစ်ပျက်မြင်တဲ့ဉာဏ်-ကြည်လင်လာခြင်းကြောင့် ခန္ဓာကိုယ်ကြီးကြွသွားတော့မလို၊ ကြမ်းပြင်နဲ့ လွတ်နေသလို၊ ဂွမ်းလိပ်ဂွမ်းစိုင်ကြီး လေထဲမျှောပါ နေသလို ဖြစ်တတ်ပါတယ်။

၁။ခုဒ္ဒကပီတိ - တရားကိုအာရုံပြုပြီး ဝိပဿနာဉာဏ်ပွားကာစဥ်ပင် ကြက်သီးမွေးညှင်းထရုံလောက် နှစ်သက်သောပီတိ

၂။ခဏိကပီတိ - လျှပ်စစ်ပြက်သလို၊ ဝင်းခနဲ လက်ခနဲ တကိုယ်လုံး ဖြန်းခနဲ ခဏချင်းဖြစ်တတ်သည့် နှစ်သက်ခြင်းကတစ်မျိုး

၃။ဩက္ကန္တိကာပီတိ - တစ်ကိုယ်လုံးတုန်လှုပ်သွားအောင် နှစ်သက်ခြင်းမျိုး

၄။ဥဗ္ဗေဂါပီတိ - ခန္ဓာကိုယ်ကြီးကြွသွားသလို မြောက်သွားသလို ဟင်းလင်းပြင်ထဲရောက်သွားသလို နှစ်သက်ခြင်းကတစ်မျိုး

၅။ဖရဏာပီတိ - ဂွမ်းလိပ် ဂွမ်းပုံကြီး လေထဲမျှောပါနေသလို နှစ်သက်ခြင်းကတစ်မျိုး

<u>အဲဒီပီတိတွေအမျိုးမျိုးနဲ့တွေ့ရငြားသော်လည်း၊ မဂ်အစစ်ရပြီလို့ မထင်လိုက်ပါနဲ့</u>
ဆက်လက်ရှုမှတ်ပါ သာယာမနေပါနှင့်။

၁။ပဿဒ္ဓိ - ဖြစ်ပျက်မြင်နေသည့် ယောဂီသည် ကာယပဿဒ္ဓိ(ကိုယ်ငြိမ်း)၊ စိတ္တပဿဒ္ဓိ(စိတ်ငြိမ်း) များဖြစ်တတ်ပါတယ်။ ယခင့်ယခင်က ဒီလို ကိုယ်စိတ်နှစ်ပါးဟာ မငြိမ်းအေးခဲ့ဘူး၊ ယခုမှ ဒီလိုငြိမ်းအေးကာဟာ ဧကန်ကတ်မဂ်ရလို့သာလျှင်ဖြစ်မှာပဲလို့ မဂ်မရဘဲနဲ့ မဂ်ရပြီလို့မထင်လိုက်ပါနဲ့၊ ကိုယ်ဖြစ်ပျက် မပျောက်ပါစေနဲ့၊ ဖြစ်ပျက်မဆုံးသရွေ့ လိုက်နေရမှာ။

၂။သုခ - ပဿဒ္ဓိရဲ့ သတ္တိအရှိန်အစော်ကြောင့် ကိုယ်စိတ်နှစ်ဖြာချမ်းသာနေခြင်းသည် မဂ်ရလို့သာ ဒီကဲ့သို့ ချမ်းသာတာပဲ၊ ဒီချမ်းသာမျိုးကိုတော့ နတ်စည်းစိမ်နဲ့တောင် မလဲပါဘူးရယ်လို့ မဂ်တုနိဗ္ဗာန်တု ဝင်တတ်ခြင်း။

၃။အဓိမောက္ခ - ဘုရားအပေါ် ထက်သန်သောသဒ္ဓါ(ယုံကြည်မှု)သည်၊ဘယ်လို ယုံကြည်မှုနဲ့မှ နှိုင်းယှဉ် လို့ မရနိုင်တာမျိုး အကြီးအကျယ် လာတတ်ပါတယ်၊ ဖြစ်ဒုက္ခ၊

ပျက်ဒုက္ခကိုမြင်လို့ ပေါ်လာတဲ့သဒ္ဓါကိုလည်း မဂ်အစစ်ရလို့သာလို့ အကြီးအကျယ် ဆုံးဖြတ်ချက်ချတတ်တယ်၊ အတုကို အစစ်လို့ထင်လို့ ဒါနဲ့ တင်းတိမ်ရင် သိပ်နစ်နာသွားမယ်။

၄။ပဂ္ဂဟ - အရှုခံတရားတွေပေါ်၌ အားထုတ်သည့်ဝီရိယသည် ယခင်ဝီရိယမျိုး မဟုတ်တော့ပါ ဝီရိယလွန်လျှင်လည်း စိတ်ပျံ့လွင့်မှု တောင်ရောက် မြောက်ရောက် ဆိုတဲ့ ဥဒ္ဓစ္စ ဖြစ်တတ်ပါတယ်။ ဝီရိယတွေသိပ်ပြီး ပြင်းထန်လွန်းပြီး အကြီးစား ဝီရိယဟာ ဘုရား ရဟန္တာများမှာဖြစ်တဲ့ ဝီရိယမျိုးလို ငါရတာပဲ၊ ဒီဝီရိယဟာ မဂ်အစစ်ရလို့သာ ဖြစ်တာလို့ ယူလိုက်ပြီး တရားအားထုတ်တာကို ရပ်လိုက်တာနဲ့ နစ်နာသွားနိုင်ပါတယ်။

၅။ဥပက္ခာ - အရှုခံတရားတွေရဲ့ ဖြစ်မှုပျက်မှုမြင်တော့ အဲဒီဖြစ်ပျက်ပေါ်မှာ သာယာ ပြစ်မှားတဲ့ လောဘ၊ အလိုမကျတဲ့ဒေါသ(၂)မျိုးစလုံး မလာဘဲ လျစ်လျူရှု နိုင်တာကို မဂ်စင်ထင်ပြီး မနေလိုက်ပါနဲ့။

၆။နိကန္တိ - ခန္ဓာမှာအရောင်ထွက်လာ၊ ဒါငါ့အရောင်၊ ဒါ ငါမဂ်ရလို့သာဖြစ်တာလို့ အရောင်ပေါ်မှာ သာယာတတ်တယ်။ ဒါနဲ့တင်းတိမ်မနေပါနဲ့၊ ဖြစ်ပျက် ဒုက္ခသစ္စာတွေကို ပိုင်ပိုင် နိုင်နိုင် သိပြီး ဖျတ်ဆို ဒုက္ခတွေချုပ်သွားမှသာ မဂ်စစ်ဆိုတာကို သတိထားပါ ယောဂီ။

# မိုးကုတ်ဆရာတော်ဘုရားကြီး၏

## (သောတာနုဂတသုတ် - သံဝေဂလင်္ကာ)

၁။ လက်ရှိခန္ဓာမှာ မတွယ်တာနှင့် နောင်လာဘဝ မတောင်းတာဘဲ ကြောင့်ကြဲဖြင့် အမြဲမပြတ် ဝိပဿနာ လေ့လာကြိမ်ကြိမ် အဇိဏ္ဏကံ ဖြစ်ကြောင်းဖန်မှု ထိုသည့်သူကား အယူမလွဲ ဂတိမြဲ၏။

၂။ မီးလောင်မှ ရေကိုတသော် မရဖြစ်အင် ပုံနှိုင်းယှဉ်၍ မဂ္ဂင်သန္တေတည်မြဲနေအောင် မသေခင်က ပြင်ဆင်တောက်လျှောက် မေ့မပျောက်လျှင် ချွေးပေါက်ယိုစီး သောခါနီးဂယ် အပြီးမုချ မဂ္ဂင်ရလိမ့်။

၃။ ကိစ္စမလျှော် အကြောင်းပေါ်၍ မတော်တဆ မဂ်မရအုံး ဘဝအစွန် တမလွန်တွင် ထူးချွန်အံ့လောက် နတ်ပြည်ရောက်၍ မဖောက်မပြန် သောတာပန်အစစ် ဧကန်ဖြစ်သည် မလစ်ဝိပဿနာ အကျိုးတည်း-----------------။

# ဝိသုဒ္ဓိ(စင်ကြယ်ခြင်း-၇-ပါး)

၁။သီလဝိသုဒ္ဓိ - အကျင့်သီလစင်ကြယ်ခြင်းသည် သီလဝိသုဒ္ဓိမည်၏။ သီလတရားသည် ဒုက္ခခပ်သိမ်း ငြိမ်းသည့် နိဗ္ဗာန်သွားရာယာဉ်ရထားဖြစ်၏။

၂။စိတ္တဝိသုဒ္ဓိ - အာနာပါန အားထုတ်ခြင်း၊သမာဓိတည်အောင်ပြုလုပ်ခြင်းသည် စိတ်စင်ကြယ်အောင် ပြုလုပ်ခြင်းဖြစ်၍ စိတ္တဝိသုဒ္ဓိမည်၏။ သီလဝိသုဒ္ဓိသည် စိတ္တဝိသုဒ္ဓိ ဖြစ်အောင် ကျေးဇူးပြု၏။ "သမာဓိဝယ် တည်ကြည်တယ်ဟု တင်းတိမ်ရုံမျှ မနေရ စိတ်ချ၍လည်း မနေနှင့်"

၃။ဒိဋ္ဌိဝိသုဒ္ဓိ - ပုဂ္ဂိုလ်သတ္တဝါ လူနတ်ပြဟ္မာသည် အခေါ်ရှိဖြစ်၍၊ အဟုတ်ရှိမှာ ခန္ဓာငါးပါး၊ ရုပ်နာမ်နှစ်ပါးသာတည်း။ အခေါ်ရှိမှာ သမုတိသစ္စာဖြစ်ပြီး၊ အဟုတ်ရှိမှာ ပရမတ္ထသစ္စာ ဖြစ်ပေသည်။

၄။ကင်္ခါဝိတရဏဝိသုဒ္ဓိ - ယုံမှားခြင်းကို ပယ်ဖျောက်နိုင်ခြင်း၊ ယုံမှားခြင်းကို လွန်မြောက်နိုင်ခြင်းသည် ကင်္ခါဝိတရဏဝိသုဒ္ဓိမည်၏။ အကြောင်းအကျိုးသာရှိ၏။ ပုံစံအားဖြင့် ခန္ဓာပဋိစ္စသမုပ္ပါဒ် လမ်းစဉ်တွင် အတိတ်အကြောင်း အဝိဇ္ဇာသင်္ခါရကြောင့် ပစ္စုပ္ပန်ခန္ဓာငါးပါး ဖြစ်ရ၏။ အတိတ်အကြောင်း ကိလေသာဝဋ်၊ ကမ္မဝဋ်ကြောင့် အကျိုးဝိပါကဝဋ်ကိုရ၏။ အကြောင်းကြောင့် အကျိုးဖြစ်၏။ အကြောင်းတရားကင်း၍ အကျိုးတရား မဖြစ်ပေါ်နိုင်ဟု အကြောင်းအကျိုးပေါ်တွင် ဉာဏ်ရှင်းလျှင် ယုံမှားခြင်းကို ပယ်ဖျောက်နိုင်တော့၏။ ယင်းသို့ ပယ်ဖျောက်နိုင်ရန်အတွက် ဒိဋ္ဌိဝိသုဒ္ဓိမှ ကျေးဇူးပြု၏။

၅။မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ - ယုံမှားခြင်းကို ပယ်ဖျောက်နိုင်သူသည် ခန္ဓာဖြစ်ပျက်ကို အရှုဉာဏ် တရားငါးပါးဖြင့် စောင့်ကြည့်ခြင်းသည် မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ မည်၏။

၆။ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ - တည်းဟူသော ခန္ဓာကိုယ်ပေါ်တွင် အရှုဉာဏ်တရားငါးပါးဖြင့် ကြည့်သော် ခန္ဓာကြီးမှာ ဝိပဿနာဉာဏ်အဆင့်ဆင့်၏ ကျေးဇူးပြုမှုကြောင့် ရုပ်နာမ်တို့၏ ပျက်မှုချုပ်မှု တို့သည် လျှပ်စစ်လက်သကဲ့သို့ အပျက်မြန်မှုကိုသိသော ဘာဉာဏ်၊ ရုပ်နာမ်တို့၏ ပျက်မှုချုပ်မှုသည် ကြောက်မက်ဖွယ်ကောင်းသော နေချင်စရာမရှိ ဘေးကြီးဟုသိသော ဘယဉာဏ်၊ ဉပ္ပါဒ်ဒါဘယန္တိ ဘယတုပဋ္ဌာနေ ပညာ အာဒီနဝဉာဏ်-အစရှိသော ပဋိသမ္ဘိဒါပါဠိတော်နှင့်အညီ ယခုဘဝစ၍ ဖြစ်ခြင်းသည် ကြောက်စရာကောင်းသည် စသည်အားဖြင့် ထင်မြင်သော ဉာဏ်သည် အာဒီနဝဉာဏ်၊ ဘုံသုံးပါး၌မပျော်ပြီးငွေ့၊ စိတ်ပျက်၊ မနှစ်သက်မှုကို သိသောဉာဏ်သည် နိဗ္ဗိန္ဒဉာဏ် အစရှိသည်တို့သည် ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ မည်၏။ ယင်းဉာဏ်တို့ကို မဂ္ဂါမဂ္ဂဉာဏ ဒဿနဝိသုဒ္ဓိတို့မှ ကျေးဇူးပြု၏။

၇။ဥာဏဒဿနဝိသုဒ္ဓိ ▪ ဖြစ်ပျက်ဒုက္ခသစ္စာအဆုံးမြင်မှုသည် ဥာဏဒဿနဝိသုဒ္ဓိ (တစ်နည်း) မဂ်ဉာဏ်မည်၏ ယင်းဉာဏ်ဖြစ်ပေါ်စေရန် ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိမှ အဆင့်ဆင့်အားဖြင့် ကျေးဇူးပြုတော့၏။

## ဝိပဿနာတရားအားထုတ်မှု

၁။ သီလဆောက်တည်၍ အကျင့်သီလစင်ကြယ်လျှင် ပထမဆင့်ရောက်၏။

၂။ အာနာပါနအားထုတ်ခြင်း၊ သမာဓိတည်အောင်ပြုလုပ်ခြင်းသည် ဒုတိယဆင့်ရောက်၏။

၃။ ရုပ်နာမ်မှတစ်ပါး ပုဂ္ဂိုလ် သတ္တဝါမရှိမှန်း ဉာဏ်ဖြင့်ပိုင်ပိုင်နိုင်နိုင်ဆုံးဖြတ်ချက်ချနိုင်လျှင် တတိယဆင့်။

၄။ ခန္ဓာကိုယ်မှ ပဋိစ္စသမုပ္ပါဒ်အကြောင်းအကျိုးသာရှိတယ်လို့ သိပြန်လျှင်လည်း ယုံမှားခြင်းမှ လွန်မြောက် သဖြင့် စတုတ္ထအဆင့်။

၅။ ရုပ်နာမ်အကြောင်းသာရှိသည်ဟု(သိမှု)မှ(အရှုဉာဏ်တရားငါးပါးဖြင့်ရှုမှု) ဖြစ်ပျက်မြင်အောင် အားထုတ်မှုသည် ပဉ္စမဆင့်။

၆။ ခန္ဓာငါးပါး ဒုက္ခသစ္စာကြီးကိုဖြင့် မရှိချင်လိုက်တာ မလိုချင်လိုက်တာ ခန္ဓာဖြစ်ပျက်မြင်ယုံတွင်မက ခန္ဓာပေါ်တွင် ရွံခြင်း၊ မုန်းခြင်း၊ မနှစ်သက်လာခြင်းသည် ဆဋ္ဌမဆင့်။

၇။ အလုပ်လုပ်နေသော ယောဂီသည် ဖြစ်ပျက်ဒုက္ခသစ္စာပျောက်၍ ဒုက္ခအဆုံးမြင်သည့် မဂ်ပေါ်မှုသည် သတ္တမမြောက်အဆင့်(သောတာပန်ဖြစ်ပါပြီ)။

ကိုယ်ကျင့်ကြံအားထုတ်နေသည့် ဝိပဿနာအဆင့်သည် ဘယ်အဆင့်ရောက်သည်ကို ဆုံးဖြတ်ချက် ချနိုင်ပါပြီ။

## နောက်ဘဝနဲ့ မနက်ဖန် ဘယ်ဒင်းကပိုနီးသလဲ

ဘုရားဟောအဆုံးအမတွေနဲ့ မပြောတော့ပါဘူး၊ ကိုယ်တွေ့ဘဲ ပြောပါမယ်။ ကြားရုံနဲ့လဲ မပြောတော့ဘူး၊ မျက်မြင်ကိုယ်တွေ့ပါ။ (၁၉၆၈)ခုနှစ်လောက်ပါ-ပေါင်းတည် အထက တွင် ဆရာလုပ်နေစဉ်က လွတ်လပ်ရေးနေ့ တင်းနစ်ပြိုင်ပွဲပြုလုပ်ရာ အထကမှဆရာကြီး(ဦးချစ်ညွန့်) အင်မတန်ကျန်းမာပြီး ဟိုတုန်းက စကောက်အဖွဲ့ဝင်ဖြစ်ပြီး ကျန်းမာရေးကိစ္စ အားကစားကိစ္စ များတွင် ဦးဆောင်သူဖြစ်သည်)။ တင်းနစ်ပြိုင်ပွဲ တစ်ပွဲပြီး၍ ခေတ္တနားကာ ထိုင်ခုံတွင်ထိုင်ပြီး ကစားရတာဘာဖြစ်တယ်၊ ညာဖြစ်တယ်နဲ့ ပြောရင်း ထိုင်ရက်က လဲကျပြီး အသက်ဆုံးရှုံးခဲ့ရပါသည်။ ဆရာဝန်ပြေးခေါ်သော်လည်း မရတော့ပါ။ အနားမှာရှိတော့ သေခြင်းကို လက်တွေ့မြင်လိုက်ရပါတယ်။

၂၀၀၇-ခုနှစ်က တောင်ငူမှရန်ကုန်ခရီးသွားရာ ကျနော်က ခုံအမှတ် B(7)တွင်ထိုင်ပြီး၊ အရာရှိတစ်ယောက်က A(7)တွင်ထိုင်၍ လိုက်လာသည်။ တလမ်းလုံးသူနှင့် သူ့ဇနီးစကားပြော

လာသည်။ ကျနော်က စာအုပ်ဖတ်လာသည်။ ညောင်လေးပင်နားရောက်တော့ ငိုသံကြား၍ ကြည့်လိုက်ရာ ထိုအရာရှိ သေနေပြီဖြစ်တာ တွေ့လိုက်ရတယ်။

အခြားသီတင်းကြားရတာ မျိုးစုံကြားဖူးပါတယ်။ ဘတ်စ်ကားမှတ်တိုင်မှာ ထိုင်ရင်းသေတာတို့၊ ရေချိုး ခန်းထဲမှာ သေတာတို့၊ မိန်းမနှင့်ထိုင်စကားပြောရင်း အအေးသောက်ချင်၍ မိန်းမကလှမ်းယူပြီး၊ ဒီဘက်လှည့်ပေးရာ ယောကျ်ားသေနေပြီ၊ အဲဒါတွေက စုံနေတာပါ။

ဒီတော့ နောက်ဘဝက ပိုနီးပါတယ်။ မိမိကိုယ်မိမိ စဉ်ချင်သုံးသပ်ပြီး ငါမသေသေးဘူး မလုပ်ပါနဲ့” ဝိပဿနာသမားဟာ သေခြင်းကိုအမြဲပြောနေတာ ရုပ်နဲ့နာမ်တို့ဟာလဲ အချိန်တိုင်း သေနေတာဘဲ၊ ကိုယ့်မသာ ကိုယ်ထမ်းနေရတာကို သိပြီး တရားအားထုတ်ကြပါ။

## သံဝေဂ ယူကြပါ

ကျနော်တို့ ဓမ္မမိတ်ဆွေတို့ဟာ သံဝေဂမယူကြပါဘူး သေတာလဲ မျိုးစုံတွေ့ဖူးကြပြီး၊ ကြားလဲကြားဘူး ကြပြီ၊ နာဂစ်မှာ သောင်းနဲ့သိန်းနဲ့ချီသေတာတွေ၊ ဆူနာမီမှာ သိန်းနဲ့ချီ သေတာတွေ အိန္ဒိယမှာ အကြမ်းဖက်လို့ ရက်ပိုင်းကပဲ အပြစ်မဲ့-၂၀၀ကျော်သေတာတွေ၊ အမေရိကန်အဆောက်အဦး ကြီးလေယာဉ်ပျံနဲ့ ဝင်တိုက်လို့ ထောင်ချီသေတာတွေ ကြားရပေါ့ ဘာဖြစ်သလဲ ဘာခံစားရသလဲ (ကိုယ့်ဟာကိုယ်ဖြေကြည့်ပါ)

မိတ်ဆွေအပေါင်းအသင်းတွေ၊ အိမ်နီးနားချင်းတွေသေတော့ကော ဘာဖြစ်သလဲ၊ မော်တော်ဆိုင်ကယ် မှောက်လို့ ကားမှောက်လို့ တခြားလူတွေသေတော့ကော “ကျွတ်-ကျွတ်-ကျွတ်-သနားပါတယ်” ထက် မပိုပါဘူး။

အသိမသာအိမ်ရောက်တော့ကော သံဝေဂယူရဲ့လား ကွာစိစားပြီး ရောက်တတ်ရာရာတွေ ပြောပြီး ပြန်လာကြတာဘဲ။ သူတို့သေတာ ငါမသေသေးပါဘူး-ငါကငယ်ပါသေးတယ် ၆၀-ကျော်ရင်တော့ တရားအားထုတ်မယ်၊ နောက်-၅နှစ်လောက်ဆိုရင် ပင်စင်ယူပြီးရင်ကော့ တရားအားထုတ်မယ်ပေါ့၊ ငါမသေသေးဘူး ခိုင်မြဲတယ်လို့ထင်နေတာ (သဿတဒိဋ္ဌိ)တစ်ချို့ကလဲ အသက်-၈၀လောက်မှ ဘုန်းကြီးဝတ်တယ် သာသနာပြု ချင်လို့တဲ့ ထိုင်ရာက ထတာတောင် လက်ထောက်ပြီး ကျွက်-ကျွက်-ကျွက် အော်ပြီးထရတာ ဘယ်လို သာသနာပြုမလဲ သေတော့လဲ သက်တော်(၈၀)ဝါတော်(တစ်)ခဏခဏ တွေ့ကြတယ်။

ဒါကြောင့် သံဝေဂတွေယူကြပါ သေခြင်းဟာ အနီးကလေးမှာ ရှိပါတယ်။ အသေမဦးခင် ဉာဏ်ဦးအောင် ဆောင်ရွက်ကြပါလို့ မိမိကိုယ်ကော အခြားသူများကိုကော တိုက်တွန်းလိုက်ရပါတယ်။

## အရှင်သာရိပုတ္တရာ၏(၁၆)ဉာဏ်၊ဘုရားသခင်ကိုယ်တော်မြတ်ကြီး၏ဝိပဿနာ(၁၀)ဉာဏ်၊ ဓမ္မစကြာတွင် ပဉ္စဝဂ္ဂီ(၅)ပါးအား ဉာဏ်(၃)ဉာဏ်နှင့် သုသိမပရိဗိုဇ်အား ဉာဏ်(၂)ဉာဏ် ဟောပုံဇယား။

| | | | | |
|---|---|---|---|---|
| ၁။နာမရူပပရိစ္ဆေဒဉာဏ် ) | | | | |
| ၂။ပစ္စယပရိဂ္ဂဟဉာဏ် ) | ၁။သမ္မသနဉာဏ် ) | ၁။ယထာ | | |
| ၃။သမ္မသနဉာဏ် ) | ၂။ဥဒယဗ္ဗယဉာဏ် ) | ဘူတဉာဏ် ) | | |
| ၄။ဥဒယဗ္ဗယဉာဏ် ) | ၃။ဘင်္ဂဉာဏ် ) | (သစ္စာဉာဏ်) ) | | |
| ၅။ဘင်္ဂဉာဏ် ) | | ) | ၁။ဝိပဿနာ ) | |
| | | ) | ဉာဏ် ) | |
| ၆။ဘယဉာဏ် ) | ၄။ဘယဉာဏ် ) | ၂။နိဗ္ဗိန္ဒ ) | ) | |
| ၇။အာဒီနဝဉာဏ် ) | ၅။အာဒီနဝဉာဏ် ) | ဉာဏ် ) | ) | |
| ၈။နိဗ္ဗိန္ဒဉာဏ် ) | ၆။နိဗ္ဗိန္ဒဉာဏ် ) | (ကိစ္စဉာဏ်) ) | ) | |
| | | | ) | နိဗ္ဗာန် |
| ၉။မုဥ္စိတုကမျတာဉာဏ် ) | | | ) | |
| ၁၀။ပဋိသင်္ခါဉာဏ် ) | | | ) | |
| ၁၁။သင်္ခါရုပေက္ခာဉာဏ် ) | ၇။မုဥ္စိတုကမျတာဉာဏ် ) | | ) | |
| ၁၂။အနုလောမဉာဏ် ) | ၈။ပဋိသင်္ခါဉာဏ် ) | ၃။မဂ်ဉာဏ် | ) | |
| ၁၃။ဂေါတြဘူဉာဏ် ) | ၉။သင်္ခါရုပေက္ခာဉာဏ် ) | (ကတဉာဏ်) ) | ၂။မဂ်ဉာဏ် ) | |
| ၁၄။မဂ်ဉာဏ် ) | ၁၀။သင်္ခါရုပေက္ခာဉာဏ် ) | ) | ) | |
| ၁၅။ဖိုလ်ဉာဏ် ) | | | | |
| ၁၆။ပစ္စဝေက္ခဏာဉာဏ် ) | | | | |

## သောတပန်ဖြစ်အောင်အားထုတ်ပါ

သောတပန်ဖြစ်ရေးအတွက်ရေးသားပြီးခဲ့ပါသည်။ သက္ကာယဒိဋ္ဌိ၊သဿတဒိဋ္ဌိ၊ဥစ္ဆေဒဒိဋ္ဌိ စသည့် ဒိဋ္ဌိများကို ရှေးဦးစွာ အသိဉာဏ်ဖြင့်ပယ်သတ်ကာ ဆက်လက်အားထုတ်သွားလျှင် သောတပန်ဖြစ်ရန် လွယ်ကူသွားပါပြီ။

သောတပန်ဖြစ်လျှင် အလိုအလျှောက် အရိယာဘုံသားအဖြစ် သန်းခေါင်စာရင်းဝင် ဖြစ်သွား၏။ အရိယာ ဘုံဟူသည် လူ့ဘုံ၊နတ်ဘုံတို့ကဲ့သို့ တသီးတခြားဘုံမျိုးမဟုတ်၊ မြတ်သောသူတို့၏ နေရာကို အရိယာဘုံဟုဆိုခြင်း ဖြစ်ပေသည်။ သောတပန်သည်သံယောဇဉ် အမျှင်မဖြတ်နိုင်သေးသဖြင့် သားတွဲလောင်း၊သမီးတွဲလောင်းနှင့်ဇနီးတွဲလောင်း၊ လယ်ယာ ချောင်းမြောင်းစသော ပစ္စည်းဥစ္စာတွေ တွဲလောင်းနှင့်ရှိစေဦးတော့ သူနေသောအိမ်ဂေဟာ သည်အရိယာဘုံ အရိယာစံအိမ်ဖြစ်သည်။

သောတပန်သည် အရိယာဇာတ်ဝင် သူတော်သူမြတ်ဖြစ်၏။ အဘယ်မျှမြတ်သနည်း။ အဘယ်အထိ မြတ်သနည်းဆိုသော်. . . .

ပထဗျာ ဧကရဇ္ဇေန၊

သဂ္ဂဿ ဂမနေနဝါ၊

သဗ္ဗလောကာဓိ ပစ္စေန၊

သောတာပတ္တိဖလံ ဝရံ။ (ဓမ္မပဒ ပါဠိ စာ-၄၀)

သောတာပတ္တိဖလံ- သောတာပတ္တိဖိုလ်သည်၊ ဝါ-သောတပန်တည်သော ပုဂ္ဂိုလ်သည်ကား၊ ပထဗျာ ဧကရဇ္ဇေန-ဝါ-ဤမဟာပထဝီမြေပြင်အလုံးကို ဘုန်းနှင့်သမ္မာ အာဏာတန်ခိုးဖြင့် အစိုးရသော ဧကရာဇ်မင်းတရား ကြီးထက်လည်းကောင်း၊ သဂ္ဂဿ ဂမနေနဝါ-နတ်ပြည်သို့ လားရခြင်းထက်လည်းကောင်း၊ သဗ္ဗလောကာဓိ ပစ္စေန-လောက အားလုံးကို သိမ်းကျုံးအစိုးရခြင်း ထက်လည်းကောင်း၊ ဝရံ-ဆထက်လွန်ကျူး အကျူးသာဖြင့် မြတ်သတည်း။

အဓိပ္ပာယ်မှာ-သောတပန်ဟူ၍ဖြစ်လာလျှင် သားမယားနှင့်နေသည်ဖြစ်စေ၊ မနေသည် ဖြစ်စေ၊ မည်သည့် သောတပန်မဆို ပုထုဇဉ်ပြဟ္မာကြီးများထက်ပင် မြတ်သောဟူပေ၏။ အဘယ်ကြောင့်ဆိုသော် ပုထုဇဉ် ပြဟ္မာကြီး များမှာ ရှေးကုသိုလ်အဟုန်ကြောင့် ပြဟ္မာဘုံသို့ ရောက်ကာ ပြဟ္မာမင်းကြီးများ ဖြစ်နေကြကုန်သော်ငြားလည်း သူတို့မှာ ဘဝအာမခံချက်မရှိချေ။ ပြဟ္မာဖြစ်၍တဝင်းဝင်း၊ ဝက်စားကျင်းမှာတရှုတ်ရှုတ်ဆိုသကဲ့သို့ ပုယုဇဉ်တို့၏ သဘာဝအတိုင်း ယနေ့ပြဟ္မာ၊ နက်ဖြန်ခါဝက်၊ သို့မဟုတ် ပိုးမွှားတိရိစ္ဆာန်အမျိုးမျိုးဖြစ်နိုင်၏။ သံသရာတစ်ခွင်တွင် ကျင်လည်ရပေဦးမည်။ သံသရာ၏ လမ်းဆုံးသို့ မရောက်သေးချေ။

သောတပန်ပုဂ္ဂိုလ်၌ကား ဘဝအာမခံချက် အသေအချာရရှိထားပြီးဖြစ်၏။ မည်သည့် အခါမျှ အပါယ် လေးပါးသို့ မလားရခြင်းတစ်ချက်၊ ကာမဘုံတွင်(၇)ဘဝ ဘုံစံပြီးသည့်အဆုံးတွင် နိဗ္ဗာန်သို့ ဧကန်ရောက်တော့မည် တစ်ချက်၊ ဤအချက်များသေချာနေသည်ဖြစ်သည့်အတွက် ပုထုဇဉ်ပြဟ္မာကြီးများထက် မြတ်သည်ဟုဆိုသတည်း။

## ပြဟ္မာဖြစ်၍တဝင်းဝင်း၊<br>ဝက်စားကျင်းမှာတရှုတ်ရှုတ်

သောတပန်သည် ပြဟ္မာထက်မြတ်ကြောင်းနှင့်ပတ်သက်၍ ကတိမပြဲပုံကို နိဒါနဝဂ္ဂသံယုတ် ပါဠိတော်၌ ဗုဒ္ဓဟောတော်မူ၏။ ယင်းအဓိပ္ပာယ်ကို ခြုံငုံမိအောင်ယူ၍ ထင်းကနဲလင်းကနဲမြင်အောင် ပေါ်လွင်အောင် ညောင်ပင်သာဆရာတော်က မြန်မာဆန်ဆန် ကဗျာဥာဏ်ဖြင့် ရေးသားသီကုံး ထားသည်မှာ လွန်စွာမှတ်သားဖွယ် ကောင်းလှသဖြင့် အလျဉ်းသင့်၍ ဤတွင်ဖော်ပြလိုက်ပါသည်။

ဇာတိမင်းစိုးခြံ၍၊ သုံးသုံးဆယ့်တစ်၊ ဘဝခေတ်တွင်၊ နစ်သူတမွှားမွှား၊ ပေါ်သူတကြွားကြွား၊ မော်သူ တဟားဟား၊ တရားနှင့်စစ်လိုက်တော့၊ ဖြစ်သူဖြစ်၊ ပျက်သူပျက်၊ တက်သူတက်၊ ဆင်းသူဆင်း၊ လောကစံမကင်း၍၊ ပြဟ္မာမင်းဖြစ်တုန်းက၊ လျှပ်စစ်လိုကိုယ်ရောင်၊ တပြောင်ပြောင်တလက်လက်၊ ဝက်ဖြစ်တော့တစ်အွတ်အွတ်၊ မြင့်မိုရ်ထွတ်ထိပ်ဖျား၌၊ သိကြားမင်းဖြစ်တုန်းကနတ်ဘုရင်၊ လူ့ပြည်တွင်လွှတိုက်၊ မောဟိုက်၍တရှူးရှူး၊ ခုနစ်ဆူ ရတနာနှင့်၊ စကြာမင်းဖြစ်တုန်းက၊ ဘုန်းတေဇာကဲမိုး၊ လေးကျွန်းလုံးအုပ်စိုး၊ တန်ခိုးကြီးမား၊ ဒွန်းစဏ္ဍားဘဝမှာတော့ တစ်နပ်စာမျှစားစရာ၊ တစ်ရွာလုံး တောင်းမရ၊ သုခနှင့်ဒုက္ခ၊ တွေ့ကြုံမြဲမုချ၊ ဘဝကအလွန်များ၊ နွားဖြစ်၍ဝန်ရုန်း၊ တကုန်းကုန်းဆင်းရဲနက်၊ ဝက်ဖြစ်၍ လှံနဲ့သေ၊ အကုသိုလ်မွေသောကြောင့်၊ ရေမှာဖြစ်၊ မြေမှာဖြစ်၊ အညိုဖြစ်၊ အဥဖြစ်၊ ကိုယ်တွင်းဖြစ်၊ ဝမ်းတွင်းအောင်း၊ ကောင်းသည်ကားတစ်ဘဝ၊ မကောင်းသည်ကားအနန္တ၊ ဒုက္ခကဲပို၊ ဦးချိုနှင့်တမောက်မောက်၊ အတောင်ရောက်၊ အမြီးပေါက်၊ နှစ်ချောင်းထောက်၊ လေးချောင်းထောက်၊ မှောက်လျက်သွား၊ ဖိလာသွား၊ ခြေများခြေနည်း၊ ခြေမရှိအခြည်းနှီး၊ ရုပ်ပုံလည်းမတူ၊ ဖြူတစ်ခါ၊ ညိုတစ်ခါ၊ အဝါ၊ အမှောင်၊ အကြောင်အကျား၊ အထွေထွေဆန်းပြား၊ စကားပြောနိုင်တဲ့ဘဝ၊ တုဏှိဘောဖြင့်၊ မပြောနိုင်တဲ့ ဘဝမပြော၊ ချောတဲ့ဘဝချော၊ ကြမ်းတဲ့ဘဝကြမ်း၊ ပရမ်းပတာ၊ ကြောက်စရာ့ သံသရာ၊ ရေမှာကျက်စား၊ မြေမှာ ကျက်စား၊ ကောင်းကင်မှာကျက်စား၊ ငါးဖြစ်တုံ၊ ဖားဖြစ်တုံ၊ ကြုံရသည့်အကြိမ်ကြိမ်၊ ရှိန်တစ်ခါ၊ မှန်တစ်ခါ၊ ပိုးတက်တစ်ခါ၊ မှေးတစ်ခါ၊ အောက်မှာနရက်၊ အထက်မှာဘဝဂ်၊ ကြွက်ကြွက်ဆူပရမွေ၊ ရှုပ်၍သာနေရော့၊ သေလို့လဲမဆုံး၊ နား၍လည်းမဆုံး၊ ဝဲလှည့်သည့်သစ်တုံးကဲ့သို့. . ။

ခုံးမမြင်၊ စမမြင် စက်ရှင်ယန္တရား၊ ချာလည်ပတ်တဲ့၊ ရဟတ်ချား၊ ဆုံလည်သည့်နွားကဲ့သို့ ငါးပါးသော ကတိဖြင့်၊ တရိုရိုပင်ပန်း၊ နွမ်းတယ်လို့လည်းမကြောက်၊ အာရုံနှောက်သောကြောင့်၊ အကောက်ကို အဖြောင့်မှတ်၊ အမြတ်ကို အယုတ်ထင်၊ ကာမဂုဏ်ဝင်သဖြင့်၊ အမြင့်မှား၊ အထင်မှား၊ ထက်လှသည့်သင်တုန်းသွားဝယ်၊ တင်ထားသည့်ပျားရည်စက်။ လျက်မိလျှင်၊ တစ်ခါတည်း၊ လျှာထက်ခြမ်း၊ ဖြန်းဖြန်းကြီးကွဲသကဲ့သို့ လွဲသူသာ များပေသည်။

အသိဉာဏ်ယွင်းယို၊ ငါ့ကိုယ်ဟုမှတ်မှား၊ မာနက တကြွားကြွား၊ သီလကခေါင်းပါး၊ ဘာဝနာက တက်တက်ရှား၊ ငါမယား ငါ့သားဟု၊ စွဲလမ်းချက် ကြီးမား၍၊ လေးပါးသောဥပါဒါန်၊ ဟုတ်ရာကိုမကျန်ဘဲ၊ ဖောက်ပြန်သူသာ များချေသည်။

အရှည်တွင်လည်း သံသရာ၊ အချည်တွင် တဏှာ၊ သံသရာတိုအောင်၊ တဏှာကိုရှောင်၊ တောင်တွင်းလည်း မြင်းမိုရ်၊ မြင်းတွင်လည်း အသဲတိုရ်၊ ဂုဏ်ရှိရာ ဆိုခဲ့မည်၊ မြင်းမိုရ်ကို ပုံရှု၍၊ ကုသိုလ်ကို များအောင်ပြု၊ ကောင်းမှုကို များအောင်ကြံ၊ သတ္တဝါကောင်းမကောင်း၊ အကြောင်းသာစီမံသည်၊ ကံလျှင်အမိ၊ ကံလျှင်အဘ၊ သည်တရား ဧကန္တ၊ ကံမြင့်မှ မြင့်သတဲ့၊ ကံဆင့်မှ ယဉ်သတဲ့၊ ကံပေးမှ ဌေးသတဲ့၊ ကံညွန်းမှ ထွန်းသတဲ့၊ ကံပေါ်မှ ကျော်သတဲ့၊ မော်လို့များ၊ ငါတကားဟု ဝါးကြွားကာ မယောင်ကြနှင့်၊ ကံပြောင်အောင် ကုသိုလ်မျိုးကို ကြိုးစား၍

ပြကြရမည်၊ သို့ဖြစ်သည်ကြောင့်. . .

ပုည် ဘိက္ခဝေ မာဘာယိတ္ထ၊

ပုည် ဘာယန္တော သုခံ ဘာယတိနာမ။

ဘိက္ခဝေ • သူတော်ကောင်းတို့ ဝါ - သံသရာဘေးကို ပြေး၍ပင် မကြည့်သော်လည်း၊ မိမိကိုယ်တွင် ငါကပဲဟု၊ လိပ်ခဲတည်းလည်း၊ ဟုတ်မှန်းလိလိ၊ မြင်သိလေ့ရှိကြကုန်သော၊ သူတော်ကောင်း အပေါင်းတို့၊ ပုည်=ကောင်းမှုပြုရန် ကိစ္စကို၊ တုမေ့=သင်တို့သည်၊ မာဘာယိတ္ထ= မကြောက်ကြကုန်လင့်၊ ပုည်=ကောင်မှုပြုရန် ကိစ္စကို၊ ဘာယန္တော=ကြောက်သောသူသည်၊ သုခံ=လူနတ်နိဗ္ဗာန် သုံးတန်သော ချမ်းသာကို၊ ဘာယတိနာမ= ကြောက်သည်မည်၏။

ဤသို့ပြဆိုပြီးသောအတိုင်း ပုထုဇဉ်မှန်သမျှ အပါယ်မကျဖူးသူ၊ အပါယ်မရောက်ဖူးသူ ဟူ၍ မရှိ။ အပါယ်လေးပါးသို့ ထုတ်ချင်းခတ် တိုးလျှိုပေါက် ရောက်ဖူးကြသည်ချည်းသာ ဖြစ်၏။

အပါယ်ဘုံသို့ အရောက်အပေါက် သလောက်ဆိုလျှင် တော်လောက်ပါပြီ၊ အပါယ် တံခါးကြီးကိုပိတ်ပြီး နိဗ္ဗာန်ကို စိတ်ချရအောင် သောတပန် ဖြစ်ရေးသို့ ရှေးရှုကြကုန်ရာသတည်း။

အို-စာရေးသူ စာဖတ်သူအပေါင်းတို့ သင်တို့သည် အဝိဇ္ဇာ-တဏှာ လွှမ်းမိုးပြီး၊ ခန္ဓာငါးပါး၊ ရုပ်နာမ်နှစ်ပါး ကို အမြင်မှား၊ အယူမှားလျက် သက္ကာယဒိဋ္ဌိ။ မျက်မှန်စိမ်းတပ်လျှက်၊ ငါ့သား. . ငါ့သမီး. . ငါ့မယား. . ငါ့ဆွေမျိုး အတွက် ငါ လူချမ်းသာ၊ နတ်ချမ်းသာဖြစ်ဖို့ ငါ့သား ငါ့မယားနှင့် ငုက်ဖြစ်ရင်လည်း တစ်ကိုင်းတည်းနားဖို့ဆိုတဲ့ ငါ မြဲနေသည်ဆိုသည် သဿတဒိဋ္ဌိ ဖြင့် နေနေသလား၊ ဒီထက်ဆိုးပြီး စီးပွါးရေးအတွက် ခင်ပွန်းကြီး(၁၀)ပါး၊ (ဘုရား-ပစ္စေကဗုဒ္ဓ-ရဟန္တာ-လက်ဝဲယာအဂ္ဂသာဝက၊ အမိ၊ အဘ၊ အလေးအမြတ်ပြုအပ်သူ၊ သွန်သင်ဆုံးမသူ (ဆရာ၊အခြား)၊ ပေးကမ်းဖူးသူ၊ တရားဟောပြပုဂ္ဂိုလ်) တို့ကို ကံသုံးပါးဖြင့် ပစ်မှားမိရင်တော့ အပါယ်လားရုံမျှမက မဂ်တားဖိုတားတောင် ဖြစ်နိုင်တဲ့အတွက် ခွင့်လွှတ်ရန်တောင်းပန်ပြီး တရားအားထုတ်ကာ သောတပန်ဖြစ်ရေးကို အလေးအနက် ကရုစိုက်ကြပါ။

ဗြဟ္မာမင်းတောင် ဝက်ဖြစ်နိုင်သေးရင် ကျွန်ုပ်တို့သင်တို့ကော ဘာသားထူးသေးသလဲ၊ သားကျွန် မယားကျွန်ကို ကောင်းကောင်းကျွန်ခံယုံမဟုတ်သေးဘဲ၊ အပါယ်သို့ရောက်တဲ့ မိုက်ဇာတ်ဖြင့် ကျွန်ဆက်ခံဦးမှာလား အသိတရားဖြင့် ဆရာတော်ကြီးဟောပြောထားသည့် အချက်များကို သံဝေဂယူပြီး ဝိပဿနာ ဘာဝနာကို ပွါးများပြီး သောတပန်ဖြစ်ရေးအတွက် အချိန်ပေးအားထုတ် ကြပါလို့ တိုက်တွန်းလိုက်ရပါသည်။

## "မိုးကုတ်ဆရာတော်ဘုရားကြီး၏ တရားတော်များမှ ကောက်နုတ်ချက်များ"

၁။ ဒိဋ္ဌိက တဏှာထက်ပိုကြောက်စရာကောင်းသည်။

၂။ ကိုယ့်စိတ်ကို ကိုယ် အကဲခတ်တာသည် ဝိပဿနာ။

၃။ ကံအမိ ကံအဖမှ ဉာဏ်အမိ ဉာဏ်အဖ လုပ်လိုက်ပါ။

၄။ ကံသည် နိဗ္ဗာန်သို့ မပို့နိုင်။

၅။ ဘဝကူးကောင်းအောင် မလုပ်ပါနဲ့၊ ဘဝချုပ်ငြိမ်း ရုပ်သိမ်းအောင် လုပ်ပါ။

၆။ အိုရာက နာရာမရခင် ဝိပဿနာအားထုတ်ပါ။

၇။ ကာလ၏ မားဖတ် ဝါးဖတ် အဖြစ်မခံပါနဲ့။

၈။ လူဟာ လူ့သံယောဇဉ် မစွန့်ဘဲနဲ့ နိဗ္ဗာန်ကိုမရောက်နိုင်။

၉။ ဥစ္စာစုထိုက်သူဖို့ ခန္ဓာစုမြေကျွေးဖို့။

၁၀။ ငါသည်သေတော့မည်၊ အချိန်ပိုင်းသာလိုတော့သည်။ အသေမဦးမီဉာဏ်ဦးပြီး ဝိပဿနာတရား များကို ကြိုးစားပြီး အားထုတ်ပါတော့မယ်။

၁၁။ တဏှာကို အဖော်မလုပ်နဲ့၊ သဒ္ဓါပညာကို အဖော်လုပ်ပါ။

၁၂။ ယုံကြည်ကျန်းမာ၊ စိတ်ဖြောင့်စွာဖြင့်၊ လွန်စွာအားထုတ် နာမ်နှင့်ရုပ်ကို ဖြစ်ချုပ်ဉာဏ်မြင်၊ ဤငါးအင် အမှန်ပင်မဂ်ရကြောင်း။

၁၃။ မစွန့်ကာမ၊ ဆရာမရှိ၊ ဝိရိယလျော့၊ အားအင်ပျော့ကာ၊ လွန်စွာယူမှား၊ ဤငါးပါး၊ တရားမဂ် ဖိုလ်ဝေး လေသကည်း။

၁၄။ သစ္စာဆိုတာ ဘယ်သူမှငွဲ့တဲ့တရားမဟုတ်ဘူး။

၁၅။ မိမိခန္ဓာခင်ရင်လလှူပ်မည်၊ သူတပါးခန္ဓာခင်ရင်လဲလှုပ်မည်၊ မလှုပ်ချင်ရင် မမှီပါနဲ့။

၁၆။ သားမယားခြေရင်း တဏှာကျွန်အဖြစ် ခေါင်းစင်းမသေနဲ့။

၁၇။ မိမိအရေးကို ရှေ့ကထားပါ၊ သားရေး သမီးရေးကို နောက်ထားပါ။

၁၈။ နေ့ည ကုန်နေတာ မဟုတ်၊ မိမိသက်တမ်းကုန်နေတာ။

၁၉။ ဝိပဿနာလုပ်ရင် ဗျာမများနဲ့၊ ဗျာများရင် အချိန်ကြာမယ်။

၂၀။ နိဗ္ဗာန်ကို မဂ္ဂင်နဲ့သွားက (၇)ရက်နဲ့ ရောက်နိုင်သည်။

၂၁။ တရားအားမထုတ်ဘဲ တရားကအလိုလို မလာဘူး။

၂၂။ ရေကြောင့်ဖြစ်သော ရွှံ့နွံကို ရေဖြင့်စင်ကြယ်အောင် ဆေးသကဲ့သို့ စိတ်ကြောင့်ဖြစ်သော အကုသိုလ် အညစ်အကြေးကို စိတ်ဖြင့် စင်ကြယ်အောင်ထားပါ။

၂၃။ ခန္ဓာဖြစ်ပျက်ရှုနေခြင်းသည် သေခါနီး သောတာပန်တည်နိုင်၏။

၂၄။ တရားမရသေးသမျှ အပါယ်ကိုစိတ်မချရ။

၂၅။ ခန္ဓာဝန်ချပြီးသေပါ၊ ခန္ဓာဝန်ထမ်းရင်း မသေပါနဲ့။

၂၆။ ခန္ဓာနှင့်တူသော ဒုက္ခသည်မရှိ။

၂၇။ ခန္ဓာဖြစ်ပျက်မသိဘဲ အသက်တစ်ရာနေရတာထက် သစ္စာသိပြီး တစ်ရက်နေရတာက

မြတ်၏။

၂၈။ ခန္ဓာကိုယ်ကမွေးကတည်းက အသေဘက်ကို ပြေးနေတယ်။

၂၉။ တရားအရသာကို မခံစားဖူးရင် ကာမကိုအထင်ကြီး၏။

၃၀။ အသေကို အရှင်က ကြည့်နေတာ ဝိပဿနာ။

၃၁။ ဉာဏ်ကမဦးဘဲ အသေကဦးသွားရင် ကိုယ့်အတွက် နစ်နာမည်။

၃၂။ သိမှုမှ ကျင့်မှုသည် အရေးကြီးဆုံး၊ တရားနာရုံနှင့်မပြီး၊ ခန္ဓာဉာဏ်စိုက်ကြည့်မှ ပြီးမယ်။

၃၃။ ကိစ္စဟူသရွေ့သည် မဂ်တား ဖိုလ်တားဟု မှတ်ပါ။

၃၄။ ရက်ရာဇာ ပြဿဒါးရွေးမနေနဲ့၊ ဝိပဿနာအားထုတ်တဲ့ အချိန်ဟာ မင်္ဂလာအချိန်။

၃၅။ အသက်ကြီးလေလေကံမွဲဉာဏ်မွဲလေလေမှတ်၊ ကံမွဲတာ အရေးမကြီးဘူး ဉာဏ်မွဲရင် နိဗ္ဗာန်နဲ့ လွဲလိမ့်မယ်။

၃၆။ ခန္ဓာနဲ့ငါ မရောစေနဲ့။

၃၇။ ကြားတဲ့တရားနဲ့ သိတဲ့တရား နှစ်ခုထပ်ရင် သောတာပန် တည်နိုင်သည်။

၃၈။ ပဋိစ္စသမုပ္ပါဒ်ဆိုတာ ခန္ဓာထဲ ရှိတဲ့တရား။

စာအုပ်အမှတ် (၅)

# သေနည်းသင်တန်း
# နှင့်
# ဝိပဿနာ

မျော်

A လူတွေဟာ-သတ်ဖို့သယ်သွားတဲ့ ကြက်ခြင်းထဲကကြက်တွေနဲ့တူနေတယ်၊ သေမှာကိုပသိဘဲ ပကြောက်မလန့် လောဘဒေါသတွေ မာန်တွေတက်ပြီးခြင်းထဲမှာ ခွပ်နေလိုက်ကြကာ.

B တောင်ငူ အထက(၁) မှာဆိုလျှင် ပင်စင်စားဆရာများအား ထောက်ပန့်မှုပေးကြပါသည်၊ အသက်(၇၅)နှစ်နှင့်အထက် ဆရာကြီး ဆရာမကြီးများအား တစ်လ(တစ်သောင်း) (၇၀)နှစ်နှင့်အထက်အား(ငါထောင်) နာတာရှည်များအား တစ်လ(တစ်သောင်း) ဆေးရုံတက်သူ(တစ်သောင်း) ခွဲစိတ်ခံရသူ(နှစ်သောင်း) နာရေး(ငါးသောင်း) ကျန်းမာရေးအခမဲ့ဆေးကုသပေးသည်၊ အင်မတန်မှဝမ်းမြောက်ပီတိဖြစ်ရပါတယ် နေရာတိုင်းလုပ်ပေးနိုင်ရင် ဘယ်လောက်ကောင်းကြမလဲ ဆရာတို့ရဲ့ကျေးဇူးကို သိတတ်ခြင်းပါ သာဓုအနုမောဒနာ ခေါ်ထိုက်ပါသည်။

* ဒေါ်ယဉ်မေ – ရွှေတည်ချေး ၊ပေါင်းတည် ( ၁၀၀၀၀ဝိ/–)
* ကိုချစ်+မတင်တင်– (၈)လမ်း၊ပေါင်းတည် ( ၁၀၀၀၀ဝိ/–)
* ဒေါ်စုစုဝေ–အထပြ၊အထက(၁)တောင်ငူ ( ၁၀၀၀၀ဝိ/–)
* ဦးတင်ဝင်း+ဒေါ်လှသင်–တာပွန်လမ်း၊ပေါင်းတည် ( ၅၀၀ဝိ/–)
* ဦးတင်စိုး+ဒေါ်သန်းအိ–ပေါင်းတည်(၁၇)လမ်း/ရန်ကုန် ( ၁၅၀၀ဝိ/–)
* ဒေါ်ချို၊သမီးမခင်မျိုးမြင့်–၁၁၊သိဖွဲ့လမ်း၊အလုံ ( ၁၀၀၀ဝိ/–)
* ဆရာဦးအောင်မွန်+ဒေါ်စိုးစိုးခိုင်–ဘုရားလမ်း၊ကောင်ငူ ( ၅၀၀၀ဝိ/–)
* ဒေါ်ခင်အေးနွဲ့–အထပြ(ငြိမ်း)ရွှေတောင်လမ်း၊ပေါင်းတည် ( ၁၀၀၀ဝိ/–)
* ဦးသောင်းရွှေ+ဒေါ်ခင်စိန်– ၂၄လမ်း၊ပေါင်းတည် ( ၂၀၀၀ဝိ/–)
* ဦးငြိမ်းဆွေ–ဒေါ်ချိုချိုမာ –ဘုရားလမ်း၊တောင်ငူ ( ၅၀၀ဝိ/–)
* ဒေါ်သန်းသန်းအေး၊သား/သမီးများ–ဦးကျော်မျိုးနိုင်+Drနှင်းနှင်းလွင် ( ၄၀၀၀ဝိ/–)
(နေပြည်တော်)ဦးသက်မြင့်ဦး+ဒေါ်ကေသီလွင်(ကော်ပွ)
* Drမောင်မောင်တာ+Drစပ်းစမ်းဝင်း–တောင်ငူ ( ၁၀၀၀ဂ်/–)
* ဦးထွန်းလှ– ၁၆ရပ်ကွက်၊(၁)လမ်း၊တောင်ငူ ( ၅၀၀ဝိ/–)
* ဗိုလ်ကြီးသိန်းထိုက်အေး၊ဒေါ်ဥမ္မာညွန့်၊ သမီးမယွန်းမျက်သွယ် ( ၂၀၀၀ဂ်/–)
ဇော်ဝင်ထွန်းစတိုး၊တောင်ငူ
* ဆရာဦးဟန်ထွန်း+ဆရာမဒေါ်ညွန့်ခင်–အထက(၁)တောင်ငူ ( ၇၀၀ဝိ/–)
* ဦးသက်ဦး (ရွှေမြေဆီ)၊ တောင်ငူ ( ၁၀၀၀ဝိ/–)
* ဦးရွှေမိုး၊သမီးမစန္ဒာ–ဖြူးမြို့ ( ၅၀၀ဝိ/–)
* ဦးတင်ဦး+ဒေါ်နုနု–ကောင်တွင်းစုရွာ၊ပေါင်းတည် ( ၁၀၀၀ဝိ/–)
* မတင်နွယ်အေး၊ကိုမင်းမင်း+မတိုးတိုး–ဆရာဖြေလမ်း၊တောင်ငူ ( ၂၀၀၀ဝိ/–)
* မယဉ်ယဉ်ထွန်း–သီရိမင်းမုန့်ဆိုင်၊တောင်ငူ ( ၂၀၀၀ဝိ/–)
* ဒေါ်ညိုညိုစိန်–ဈိုက်/ဘထာ၊ရွှေတောင် ( ၂၀၀၀ဝိ/–)
* ဦးဂါဠွေး+ဒေါ်ရီရီမြ–ဘုရားလမ်း–တောင်ငူ ( ၅၀၀ဝိ/–)
* ဦးချစ်ထွေး+ဒေါ်သန်းသန်းမြင့်– တာပွန်လမ်း–ပေါင်းတည် ( ၁၀၀၀ဝိ/–)
* ဒေါ်တင်ရွှေ– တောင်ငူ ( ၃၀၀၀ဝိ/–)
* ဦးစန်းသိန်း–ဒေါ်သန်းသန်းအေး(ပေါင်းတည်/ ရန်ကုန်) ( ၁၀၀၀ဝိ/–)
* Drဝင်းမောင်+Drအေးမိခင် – အရှေ့လမ်း–ပေါင်းတည် ( ၅၀၀၀ဝိ/–)
* ဦးခင်ရွှေ+ဒေါ်ချိုချိုမာ– သ/မ ဦးစိုးရွှေတောင် ( ၅၀၀ဝိ/–)

* စိန်ဂျာနာ ဖိုတို–Riso စာအုပ်အဖုံး + အုပ်ရေ (၁၂၅) အုပ်

## မွေးဒါနတရားအလှူတော်

၂၄၅၁.၁

## သတ္တဒါန် မွေးဒါန် ဇိနာတိ

ဦးထွန်းကြည်+ဒေါ်မြဝင်း/ တာပွန်လမ်း၊ပေါင်းတည် ( ၅၀၀၀)
ဒေါ်ဝင်းစိန်မိသားစု / ရွှေတောင်လမ်း၊ပေါင်းတည် ( ၅၀၀၀)
ကိုမောင်မောင်မြင့်+မစိုးစိုးမင်း/ ရွှေလေးပွဲရုံ၊ပေါင်းတည် (၃၀၀၀၀)
ဦးမောင်မောင်ငွေး+ဒေါ်သန်းသန်းမြင့်/ တာပွန်လမ်း၊ပေါင်းတည် (၁၀၀၀၀)
ဦးသောင်းမြတ်+ဒေါ်ညိုညို /သဖန်းကုန်း၊ပေါင်းတည် (၁၀၀၀၀)
ဦးအောင်သန်း+ဒေါ်မြင့်စိုး /ပေါင်းတည် (၁၀၀၀၀)
ဦးအေးမြင့်+ဒေါ်စန်းစန်းအေး /ရွှေဆိုင်(၉)လမ်း၊ပေါင်းတည် (၁၀၀၀၀)
ဒေါ်မူမူ /အကပြ၊ရွှေတောင်လမ်း၊ပေါင်းတည် ( ၅၀၀၀)
ဒေါ်စမ်းမြင့် /မင်းကွက်(၁)၊ပေါင်းတည် ( ၅၀၀၀)
ဒေါ်အေးမြင့်/ မင်းကွက်(၃)၊ရွှေတောင်လမ်း၊ပေါင်းဘည် ( ၅၀၀၀)
ဦးနိုင်ဦး+ဒေါ်ငွေးကြည် /မုတ်တိုင်လမ်း၊ပေါင်းတည် ( ၅၀၀၀)
ဦးစောလွှင်+ဒေါ်ခင်ဆွေ /(၅)လမ်း၊ပေါင်းတည် ( ၅၀၀၀)
ဒေါ်လှလှမြင့် /အထပြ(ငြိမ်း)၊(၁၃)လမ်း၊ပေါင်းတည် ( ၅၀၀၀)
ဦးထွန်းဝင်း+ဒေါ်နုနုလွင် /ဟေမန်ထွန်းစတိုး၊အင်းမ (၂၀၀၀၀)
ဦးထွန်းညို+ဒေါ်စန်းကြည် /ရွှေတောင်လမ်း၊ပေါင်းတည် ( ၅၀၀၀)
ဦးလှသောင်း+ဒေါ်ယဉ်ယဉ်မျိုး /သီရိမင်္ဂလာလမ်း၊လှိုင် (၁၀၀၀၀)
ဒေါ်ခင်ပြုံး /အထကကျောင်းအုပ်(ငြိမ်း)၊ရွှေတောင်(ရိုးမ) (၁၀၀၀၀)
ဒေါ်ခင်မြညွန့်၊ဒေါ်နီနီဆွေ၊ဒေါ်ညိုညိုဆွေ /မန္တလေး (၁၀၀၀၀)
ဦးမောင်မောင်ရှိန်+ဒေါ်တင်မြင့် /အရှေ့လမ်း၊ပေါင်းတည် ( ၇၀၀၀)
ဦးဝင်းမောင်သိန်း+ဒေါ်နန်းစန္ဒာဝင်းမိသားစု /ရန်ကုန် (၅၀၀၀၀)
ဒေါ်ခင်ငွေး /(၁၁)လမ်း၊တောင်ငူ (၂၀၀၀၀)
ဒေါ်ချစ်ချစ်၊ဒေါ်စိန်မြင့်၊ဒေါ်လှကြည် / ကံမေတ္တာမိသားစု၊တောင်ငူ။ ( ၅၀၀၀)
ဦးအောင်ကြည်+ဒေါ်ရီရီတင် /ရွှေလက်ဆောင်၊တောင်ငူ (၁၀၀၀၀)
(ဦးကျော်သိန်း)ဒေါ်အမာစိန်မိသားစုကြောင်နက်ဆေးလိပ်၊တောင်ငူ (၁၀၀၀၀)
ဒေါက်တာခင်လေးရီ၊ညီမဒေါက်တာအေးအေးမြင့် /တောင်ငူ (၁၀၀၀၀)
ဒေါ်သန်းနွဲ့၊ဒေါ်မြင့်သန်းညီအစ်မတစ်စု / ရန်ကုန်လမ်း၊ပေါင်းတည် (၁၀၀၀၀)
စိန်ရတနာမိတ္တူနှင့် Riso /၁၁၆၊ ၂၉လမ်း၊ရန်ကုန်-စာအုပ်အဖုံး+ No(8) (၁၂၅)အုပ်

-(ဗိုလ်ကြီးသန်းညွန့်)+ဒေါ်မြသွင် မိသားစု။ ၂၉လမ်း၊ ရန်ကုန်။ ၁၀၀၀၀ကျပ်
-ဦးလှသောင်း+ဒေါ်ယဉ်ယဉ်မျိုး(လှိုင်)။ စာအုပ်၆၀-စုံ၊ ၄၈၀အုပ်
-ဦးသာအေး။ ကင်ပွန်းစခန်း၊ ကျိုက်ထို။ စာအုပ်၂၀စုံ၊ ၁၈၀အုပ်

စာရေးသူ

မြင့်ရွှေ (ပေါင်းတည်)

(B.Sc, B.Ed, H.G.P, R.L.) (ADVOCATE)

အထက်တန်းပြဆရာ(ငြိမ်း)၊ တောင်ငူ။

09 535 1410, 054 25707

ဆရာဦးမြင့်ရွှေ ရေးသားသော တရားစာအုပ်များကို

''စိန်ရတနာ''မိတ္တူ မှ အထူးဈေးနှုန်းဖြင့် ကူးပေးနေပါသည်။

''စိန်ရတနာ Riso, မိတ္တူ Computer''

အမှတ် ၇၆၊ ၃၂ လမ်း(အောက်)၊ ရန်ကုန်မြို့။

01 388115, 09 510 2750, 09 421 000512